ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် )**

**[ အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၄၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၆၆.၉၈) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ပြည်ပခရီးစဉ်။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ အစိမ်းရောင် Forum ဆွေးနွေးပွဲ။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကျန်းမာရေး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ အစိမ်းရောင် Forum ဆွေးနွေးပွဲ။ ဦးလှဆွေ၊ မကွေး (၁၂)၊ အစိမ်းရောင် Forum ဆွေးနွေးပွဲ။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးနု၊ ရန်ကုန်(၁၀)၊ ပညာရေးဆွေးနွေးပွဲ။ ဦးခင်မောင်ရီ၊ ဧရာဝတီ (၆)၊ ပညာရေးဆွေးနွေးပွဲ။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ပညာရေးဆွေးနွေးပွဲ။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ပညာရေးဆွေးနွေးပွဲ။ ဗိုလ်မှူးချုပ်သက်ထွန်းအောင်၊ တပ်မတော်၊ ကော်မတီအစည်းအဝေး။ ဗိုလ်မှူးဇဝန၊ တပ်မတော်၊ ကော်မတီအစည်းအဝေး။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ကော်မတီအစည်းအဝေး။ ဒေါက်တာစိုင်းဆိုင်ကျော့က်ဆမ်၊ ရှမ်း(၆)၊ ကော်မတီအစည်းအဝေး။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကော်မတီအစည်းအဝေး။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ဒေသလေ့လာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်ကြီး၊ စစ်ကိုင်း(၁၀)၊ ကျန်းမာရေး။ ဦးလှသိန်း၊ မကွေး(၃)၊ ရေးရာအစည်းအဝေး။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကျန်းမာရေး။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဦးကျွန်ခဲန်၊ ချင်း(၁)၊ ကော်မတီအစည်းအဝေး။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ပညာရေးဆွေးနွေးပွဲ။ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ ပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးမင်းဦး၊ ပဲခူး(၇)၊ ပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ပူးပေါင်းကော်မတီ အစည်းအဝေး။ ဒုတိယဗိုလ်မှူးကြီးစိုးလင်း၊ တပ်မတော်၊ ပူးပေါင်းကော်မတီ

အစည်းအဝေး။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ပညာရေးဆွေးနွေးပွဲ။ ဗိုလ်မှူးတိုးမင်းထွန်း၊ တပ်မတော်၊ ကော်မတီအစည်းအဝေး တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၇၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ကုမ္ပဏီမှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုချက်များ ထုတ်ပေးသော ဝန်ကြီးဌာနများအနေဖြင့် ၎င်းတို့ ထုတ်ပေးသည့် ကုမ္ပဏီလုပ်ငန်း မှတ်ပုံတင်များ၊ လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုချက်များနှင့် စပ်လျဉ်းသည့် အသိပညာများကို ပြည်သူများ လွယ်လွယ်ကူကူ သိရှိနိုင်ရန် သတင်းအချက်အလက်များ နှင့်လုပ်ထုံးများ ပေါင်းချုပ်ကို ပြုစုထုတ်ဝေပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း က ကုမ္ပဏီ မှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုချက်များ ထုတ်ပေးသော ဝန်ကြီးဌာနများ အနေဖြင့် ၎င်းတို့ ထုတ်ပေးသည့် ကုမ္ပဏီလုပ်ငန်းမှတ်ပုံတင်များ၊ လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုချက်များနှင့် စပ်လျဉ်းတဲ့ အသိပညာများကို ပြည်သူများ လွယ်လွယ်ကူကူ သိရှိနိုင်ရန် သတင်းအချက်အလက်များနှင့် လုပ်ထုံးများ ပေါင်းချုပ်ကို ပြုစုထုတ်ဝေပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်း ဆက်သလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို မေးမြန်းခွင့် ရတဲ့အတွက် ဝမ်းသာကြောင်း အရင်ဆုံး ပြောကြားလိုပါတယ်။ အခြေခံဥပဒေ ပုဒ်မ ၃၀ မှာ နိုင်ငံတော်သည် စက်မှုလုပ်ငန်းများကို တိုးတက် ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းရမည်လို့ ဆိုထားပါတယ်။ ဒီနေရာမှာ စက်မှုလုပ်ငန်းများ အင်္ဂလိပ်လိုတော့ Industries လို့ ဆိုရာတွင် မီးခိုးမထွက်တဲ့ စက်ရုံများ၊ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး၊ ကုန်သွယ် ရောင်းဝယ်ရေး လုပ်ငန်း စသည်များလည်း ပါဝင်ပါတယ်။ ဝန်ကြီးဌာနများဖြစ်ကြသော ပြည်ထဲရေး၊ စည်ပင်၊ ပြန်ကြားရေး၊ သမဝါယမ၊ လယ်/ဆည်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်၊ စွမ်းအင်၊စက်မှု ၊ စီးပွားရေးနှင့် ကုန်သွယ်ရောင်းဝယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သတ္တုတွင်း၊ ဘဏ္ဍာရေး၊ စီမံ/ စီးပွား၊ ဆောက်လုပ်ရေး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး၊ ရထားပို့ဆောင်ရေး၊ ဟိုတယ်နဲ့ ခရီး၊ ဗဟိုဘဏ် အစရှိသည်များက လုပ်ငန်းနဲ့ ပတ်သက်တဲ့ မှတ်ပုံတင်အမျိုးမျိုး၊ လုပ်ငန်းလိုင်စင်အမျိုးမျိုး၊ ခွင့်ပြုချက်အမျိုးမျိုး ထုတ်ပေးလျက်ရှိပါတယ်။ ၎င်းတို့ ထုတ်ပေးသည်များနှင့် ပတ်သက်၍ အသိပညာ များ ပြည်သူများ လွယ်လွယ်ကူကူ သိရှိနိုင်ရန် လိုအပ်ပါတယ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာရန် ကိုယ်ပိုင်လုပ်ငန်းငယ်များ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါတယ်။ အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာဆိုရင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းပေါင်း (၂.၉)သန်းခန့်ရှိပြီး ထိုင်းနိုင်ငံတစ်ခုလုံးရှိ လုပ်ငန်း များရဲ့ (၉၀)ရာခိုင်နှုန်းခန့်ရှိပြီး တိုင်းပြည်ဝင်ငွေရဲ့ (၇၅)ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလျက် ရှိသည်ဟု သိရပါတယ်။ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း အခြေခံဥပဒေ ပုဒ်မ ၃၀ တွင် ဖော်ပြ ထားသည့် အတိုင်း ဖြည့်ဆည်းပေးမှု၊ ပံ့ပိုးပေးမှုများ လိုအပ်ပါတယ်။ ဒါမှ ပြည်သူများထဲမှ လုပ်ငန်းရှင်များ အမြောက်အမြား ပေါ်ထွက်လာပြီး အလုပ်အကိုင် အခွင့်အလမ်း အမြောက်အမြားလည်း ပေါ်ထွက်လာ ပြီးတော့ တိုင်းပြည်ဝင်ငွေ တိုးတက်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် SME Focal Ministry ဖြစ်တဲ့ စက်မှုဝန်ကြီးဌာန သို့မဟုတ် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး

ဝန်ကြီးဌာနအနေဖြင့် အထက်ဖော်ပြပါ ဝန်ကြီးဌာနများမှ စုစည်း၍ ၎င်းတို့ထုတ်ပေးသည့် ကုမ္ပဏီ လုပ်ငန်းမှတ်ပုံတင်များ၊ လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုချက်များနှင့် ပတ်သက်တဲ့ သတင်းအချက်အလက် များနှင့် လုပ်ထုံးများပေါင်းချုပ်ကို ထုတ်ဝေပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိလျှင် မည်သည့်အချိန်တွင် ထုတ်ပေးနိုင်မည်၊ မရှိလျှင် အဘယ်ကြောင့်နည်း ဆိုတဲ့ မေးခွန်းများကို မေးမြန်းလိုပါတယ်။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဒေါ်လဲ့လဲ့သိန်း (ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ချင်းပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း မေးမြန်းတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်မ ဒေါ်လဲ့လဲ့သိန်း က ဖြေကြားမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနများအနေနဲ့ မိမိတို့နဲ့ သက်ဆိုင်ရာ လုပ်ငန်းနဲ့ ပတ်သက်တဲ့ မှတ်ပုံတင်အမျိုးမျိုး၊ လုပ်ငန်းလိုင်စင်အမျိုးမျိုးနဲ့ ခွင့်ပြုချက်အမျိုးမျိုးတို့ကို ထုတ်ပေးလျက် ရှိပါတယ်။ ၎င်းတို့နဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကိုလည်း သက်ဆိုင်ရာ ပြည်သူများ သိရှိ နိုင်ဖို့အတွက် ဖြန့်ဝေလျက်ရှိပါတယ်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အနေနဲ့လည်း ဝန်ကြီးဌာနအောက်မှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနအနေနဲ့ ကုမ္ပဏီလုပ်ငန်း မှတ်ပုံတင်ခြင်းနဲ့ပတ်သက်ပြီးတော့ ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများ အက်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ကုမ္ပဏီမှတ်ပုံတင်ကိစ္စ တွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒ့ါအပြင် ဒီဦးစီးဌာနဟာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် MIC ရဲ့ ရုံးလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ပေးရတဲ့ ဦးစီးဌာနဖြစ်တာနဲ့အညီ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုမိန့်နဲ့ ဆုံးဖြတ်ချက် တွေကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေတို့နဲ့အညီ ခွင့်ပြုမိန့် တွေကို ထုတ်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ခွင့်ပြုမိန့် လျှောက်ထားမှုနဲ့စပ်လျဉ်းတဲ့ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်တွေကို လုပ်ငန်းလုပ်ကိုင်ဆောင်ရွက် လိုသူတွေ အလွယ်တကူ သိရှိနိုင်ဖို့အတွက် ကျွန်မတို့ လုပ်ငန်းစဉ်တွေကို လမ်းညွှန်ကြေညာခြင်း၊ လိုအပ်တဲ့အထောက်အထားတွေကို သိရှိနိုင်ဖို့ ဖော်ပြပေးခြင်းစတဲ့ အစီအစဉ် တွေ အပြင် ဦးစီးဌာနရဲ့ Website ဖြစ်တဲ့ www. dica.gov.com နှင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း လုပ်ငန်းစဉ် တွေနဲ့ပတ်သက်ပြီးတော့ ဟောပြောပို့ချခြင်း၊ အသိပေး ဖြန့်ဝေခြင်းတွေကို ပြုလုပ်ပေးလျက်ရှိပါတယ်။ ကျွန်မတို့ ဦးစီးဌာန Website မှာ လက်ရှိ ကျင့်သုံးလျက်ရှိတဲ့ ရင်းနှီးမြှုပ်နှံမှု ဥပဒေတွေ၊ နည်းဥပဒေတွေ ကုမ္ပဏီအဖွဲ့အစည်း၊ မှတ်ပုံတင်ခြင်းနဲ့ စပ်လျဉ်းတဲ့ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်အတွက် အများပြည်သူ

တွေရဲ့ မေးမြန်းချက်တွေကို ဖြေကြားပေးတဲ့ အစီအစဉ်နဲ့ ကဏ္ဍအလိုက် ဆောင်ရွက်လိုတဲ့ လုပ်ငန်းတွေရဲ့ သတင်းအချက်အလက်တွေကိုလည်း ပြည်သူတွေ အလွယ်တကူ သိရှိနိုင်စေဖို့အတွက် အချိန်နဲ့ တစ်ပြေးညီ လည်း ထုတ်ပြန်ကြေညာပေးလျက်ရှိပါတယ်။

ဒါ့အပြင် ဒီဦးစီးဌာနအနေနဲ့ လုပ်ငန်းလုပ်ကိုင်သူတွေ လွယ်ကူအဆင်ပြေစေဖို့အတွက် လုပ်ထုံးလုပ်နည်းအဆင့်တွေကို လျှော့နည်းသွားအောင် ဆောင်ရွက်ပေးသလိုပဲ တိုင်းဒေသကြီးနဲ့ ပြည်နယ် တွေမှာ ရုံးခွဲတွေကို ဖွင့်လှစ်ပြီးတော့ ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ပေး လျက် ရှိပါတယ်။ အခုခါမှာဆိုရင် ကျွန်မတို့ နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ မော်လမြိုင်တို့မှာရှိတဲ့ ရုံးတွေမှာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီးတော့ လိုအပ်တာတွေကို ဆက်သွယ်မေးမြန်း ဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။ ယခုချိန်မှာ မြန်မာနိုင်ငံသားတွေအနေနဲ့ ကုမ္ပဏီ မှတ်ပုံတင်မယ်ဆိုရင် လိုအပ်တဲ့ အထောက်အထား အချက်အလက် ပြည့်စုံမယ်ဆိုရင် (၃)ရက်အတွင်းမှာ ကုမ္ပဏီ မှတ်ပုံတင် လုပ်ငန်းလိုင်စင်နဲ့ ခွင့်ပြုချက်တွေကို ရရှိနိုင်ပြီ ဖြစ်ပါတယ်။ အခြားဝန်ကြီးဌာနတွေနဲ့ အဖွဲ့အစည်းတွေကလည်း သူတို့နဲ့ သက်ဆိုင်တဲ့ လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီးတော့ ပြည်သူတွေ သိနိုင် ဖို့အတွက် ထုတ်ပြန်ကြေညာမှုတွေ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ အသိပေးဖြန့်ဝေမှုတွေ၊ ဟောပြော ပို့ချမှုတွေ သတင်းမီဒီယာကနေပြီးတော့ အသိပေးမှုတွေကိုလည်း ဆောင်ရွက်နေကြပါကြောင်းကိုလည်း တင်ပြအပ်ပါတယ်။

နမူနာအားဖြင့် တင်ပြရမယ်ဆိုရင် စက်မှုဝန်ကြီးဌာနအနေနဲ့ ၂၀၁၄ ခုနှစ်မှာ အသေးစားနဲ့ အလတ်စား လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ပြည်နယ်နဲ့ တိုင်းဒေသကြီး (၁၄)ခုနဲ့ နေပြည်တော် ကောင်စီတို့မှာ ရုံးခွဲတွေကို ဖွင့်လှစ်ပြီးတော့ ကူညီဆောင်ရွက်နေပါတယ်။ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာလည်း SME Agency (၁၅)ခု ကိုလည်း ဖွဲ့စည်း တည်ထောင်ပြီး ဖြစ်ပါတယ်။ One Stop Service ကနေပြီးတော့ လုပ်ငန်း မှတ်ပုံတင်ပေးခြင်းတို့၊ သက်တမ်းတိုးခြင်း တို့ကိုလည်း ၂၀၁၄ ခုနှစ်၊ ဇူလိုင်လထိကို (၆၆၀)ကျော်ကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ဂျာမနီ၊ ကိုရီးယား၊ အိန္ဒိယအထောက်အပံ့နဲ့ စက်မှုသင်တန်းကျောင်းတွေမှာနှစ်စဉ် ပုံမှန်ပို့ချတာတွေ Mobile Team အနေနဲ့ လှည့်လည်ပြီးတော့ ဟောပြောပို့ချတာတွေ သင်တန်းတွေ ပို့ချပြီးတော့ SME ရဲ့ Capacity ကို မြှင့်တင်ပေးခြင်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

နောက်တစ်ခါ နိုင်ငံတကာ စံချိန်စံညွှန်းဆိုင်ရာသတင်းအချက်အလက်တွေ ရရှိစေဖို့အတွက် လည်း Global Supply Chain မှာ ကွင်းဆက်မိစေဖို့အတွက် ဒီ USAID Supply Chain Workshop အပါအဝင် အလုပ်ရုံဆွေးနွေးပွဲတွေကို လည်းကျင်းပခဲ့ပါတယ်။ SME တွေနဲ့ယှဉ်ပြိုင်နိုင်စွမ်း မြင့်မား လာစေဖို့အတွက် SME လုပ်ငန်းရှင် တွေကို AEC Guidebook ရယ်၊ SME Guidebook တို့ကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။ နောက် တခြား ဝန်ကြီးဌာနတစ်ခုဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့လည်း သတင်းအချက်အလက်နဲ့ လုပ်ထုံးလုပ်နည်းတွေကို ဖြန့်ဖြူး ပေးလျက်ရှိပါတယ်။ ဒါ့အပြင် Farmer Channel ကလည်း သတင်းတွေကို အများပြည်သူ သိရှိနိုင် အောင် ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ အခြား ဝန်ကြီးဌာနတွေအနေနဲ့လည်း အဲဒီလိုပဲ အထက်ပါ ဝန်ကြီးဌာနတွေ ဆောင်ရွက်သကဲ့သို့ ဆောင်ရွက်နေကြတဲ့အတွက်ကြောင့်မို့ ပြည်သူတွေအနေနဲ့ မိမိတို့နဲ့ သက်ဆိုင်တဲ့ သတင်းအချက်အလက်တွေကို အလွယ်တကူသိရှိနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့ဝန်ကြီးဌာနအနေနဲ့ကတော့ ကိုယ်စားလှယ်ကြီးပြောသလို သတင်းအချက်အလက်နှင့် လုပ်ထုံးလုပ်နည်းများပေါင်းချုပ်ကို ထုတ်ဝေဖို့အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဇော်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဟုတ်ကဲ့။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယဝန်ကြီးက ရှင်းပြတဲ့အပေါ်မှာ များစွာကျေးဇူးတင်ပါတယ်။ ကျွန်တော် ဒီ Website တွေမှာရေးတဲ့ဟာတွေက ကျွန်တော် ဖတ်ကြည့်လိုက်တဲ့အချိန်မှာ အဲဒီမှာတွေ့ရတဲ့ သတင်း အချက်အလက်တွေက တော်တော်လေး မပြည့်မစုံ ဖြစ်နေပါတယ်။ အဓိက SME Websiteမှာ ဆိုရင်လည်း သူက အင်္ဂလိပ်လိုပဲ ရေးပါတယ်။ ပြီးတော့ ဥပဒေမှာကလည်း FDI Law (Foreign Direct Investment Law) ကိုပဲ သူကရေးတယ်။ ကျွန်တော် မေးချင်တာကတော့ နိုင်ငံခြားသားတွေ ဒီမှာလုပ်ငန်းတွေ လာထောင်ဖို့ သက်သက်ကို မေးချင်တာ မဟုတ်ပါဘူး။ ကျွန်တော်ကတော့ ပြည်တွင်းပေါ့နော် ကျွန်တော်တို့ နိုင်ငံသားတွေက လုပ်ငန်းအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာပြီးတော့ သူတို့ရှိတဲ့ အရင်းအနှီးလေးနဲ့ လုပ်ငန်းကို လုပ်တတ်လာအောင် အခု အင်တာနက် ဆိုရင်လည်း အင်တာနက် ဖတ်တတ်တဲ့ လူက တော်တော်နည်းပါတယ်။ ကျွန်တော်တို့ နယ်တွေမှာဆိုရင်လဲပဲ ပြီးတော့ ခုန ဝန်ကြီးပြောတာတော့ မှန်ပါတယ်။ လက်လှမ်းမီသလောက် ဖွင့်နေတာတော့ ရှိပါတယ်။

သို့သော် ဒါကတော့ ဘယ်လိုပြောမလဲဆိုတော့ သိပ်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် မဖြစ်သေးတာကိုတော့ တွေ့ပါတယ်။ ကျွန်တော်တို့ နယ်တွေမှာ နည်းနည်းငွေ အရင်းအနှီးရှိတဲ့ သူတွေကလည်း လုပ်ငန်းမလုပ်ဘဲနဲ့ သူတို့ရဲ့ ငွေတွေကို ခုတင်အောက်မှာပဲ ထားပြီးတော့ ငွေတွေက မလည်ပတ်ဘဲနဲ့ ကျွန်တော်တို့ နိုင်ငံမှာ လိုအပ်တဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ၊ လုပ်ငန်းတွေ မဖြစ်နိုင်သေးတာကို တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော် ထပ်လောင်းပြီးတော့ မေးမြန်းချင်တာကတော့ ဒီလိုမျိုးပေါ့နော်၊ ကျယ်ကျယ် ပြန့်ပြန့်လေး၊ အခု အင်္ဂလိပ်လိုတင်တာမျိုး မဟုတ်ဘဲနဲ့ ကျွန်တော်တို့ နိုင်ငံသားတွေ သိရှိနိုင်တဲ့ မြန်မာလို အဲဒီလိုမျိုးပုံစံပေါ့၊ ဒါမျိုးနဲ့ ဒီထက်ပိုမိုပြီးတော့ လုပ်ဖို့ရော အစီအစဉ် ရှိပါသလား ဆိုတာ ထပ်မေးချင်ပါတယ်။

**ဒေါ်လွဲလွဲသိန်း (ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်ကြီး ဆွေးနွေးသလို Website က သတင်းအချက်အလက်တွေက မပြည့်မစုံ ဖြစ်နေတယ်။ SME Website မှာလည်း အင်္ဂလိပ်လိုပဲ ရေးနေတယ်ဆိုတာလေးလည်း ကျွန်မတို့ပေါ့နော်။ ဒီ ကျွန်မတို့ စီမံ၊ စီးပွားပေါ့။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနအနေနဲ့ ကတော့ ကျွန်မတို့က ပေါင်းစပ်ညှိနှိုင်းပေးရတဲ့ ဝန်ကြီးဌာန ဖြစ်ပါတယ်။ အခု ကိုယ်စားလှယ်ကြီး ပြောတဲ့ အချက်ကို ကျွန်မတို့မှတ်သားပြီးတော့ အင်္ဂလိပ်လိုပဲ တင်တဲ့ Website တွေမှာဆိုလည်း အဲဒီလို တင်တဲ့ ဝန်ကြီးဌာနတွေနဲ့ ကျွန်မတို့က ညှိနှိုင်းပြီးတော့ အများပြည်သူနားလည်အောင် မြန်မာဘာသာနဲ့လည်း ဒီဟာ ထုတ်ပြန်ပေးဖို့ကိုလည်း ကျွန်မတို့ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ တချို့ Law တွေ၊ ဘာတွေဆိုရင်လည်း တချို့ Law ဆိုရင်လည်း မြန်မာလိုရော၊ အင်္ဂလိပ်ရောပေါ့ များသောအားဖြင့် ဗဟုသုတအသိပညာတွေ အကုန်လုံးကို မြန်မာဘာသာနဲ့ပါ အင်္ဂလိပ်လိုရော အကုန်လုံး ဒါကို တင်ပေးဖို့အတွက် ကျွန်မတို့ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာန အားလုံးပေါင်းပြီးတော့မှ စာအုပ်ထုတ်ပေးလိုက်ရင်တော့ ပိုကောင်းတာပေါ့။ ဒါလေးကို တောင်းဆိုတာပါ။

**ဒေါ်လဲ့လဲ့သိန်း (ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**
။ ။ ဒါလေးကိုလည်း Commitment တော့ မဟုတ်ပါဘူး။ ကျွန်မတို့ စဉ်းစားပါမယ်။ ခုနက ကိုယ်စားလှယ်ကြီး တင်ပြတဲ့အထဲမှာ ဝန်ကြီးဌာနတွေ အများကြီး ရှိပါတယ်။ ဥပမာ ဝန်ကြီးဌာနတွေ အပြင် နောက်တစ်ခါ ဒီမှာဆိုရင် စည်ပင်သာယာရေးကော်မတီတွေ ဘာတွေပါ ဆိုင်နေပါတယ်။ ကျန်တဲ့ အဖွဲ့အစည်းတွေလည်း ရှိနေပါတယ်။ ကျွန်မတို့သည် အကုန်လုံးတော့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဒါကတော့ ဒီဟာလေးကိုလည်း ဆက်လက်ပြီးတော့ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးဖို့အတွက် လုပ်ဆောင်ပေးပါမယ်။ ဒါပေမဲ့ ခု လောလောဆယ်မှာတော့ ဒါ မရှိသေးဘူးဆိုတဲ့ အစီအစဉ် မရှိသေးဘူးဆိုတာ တင်ပြခြင်း ဖြစ်ပါတယ်။

အဲဒီလိုညှိနှိုင်းဆောင်ရွက်မယ်ဆိုရင် ကျွန်မတို့ အားလုံးနဲ့ ညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သူတို့ရဲ့ လုပ်ထုံးလုပ်နည်းပေါ့နော်။ ဒီစည်းမျဉ်းစည်းကမ်းတွေ တစ်ခုမှ မကျန်အောင် ကျွန်မတို့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အခု စာအုပ်ထုတ်ပေမယ့် နောက်တစ်ခါကျတော့ Updated ဖြစ်သွားမယ်ဆိုလည်း ကျွန်မတို့က ဒါတွေကို ဆက်ဆက်ပြီး Updated လုပ်သွားရမှာတို့၊ ဘာတို့ ရှိပါတယ်။ နောက် ဘတ်ဂျက်လည်း လိုသွားမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အားလုံးကိုသိအောင် ဖြန့်ဝေရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခု လောလောဆယ်တော့ ကျွန်မတို့ အစီအစဉ် မရှိသေးဘူးဆိုတာကို အခုအချိန်မှာ ကျွန်မတို့ ဒါကို တင်ပြခြင်း ဖြစ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းမယ့် မေးခွန်းတွေဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တိုက်ကြီးမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမသျှိုကျေးရွာနှင့် ဆင်စခန်းကျေးရွာ၊ ရွှေမင်းဝံကျေးရွာ၊ တဘူးရေသိုးအုပ်စုရွာများနှင့် စားကျက်/ပလပ်မြေများတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သော ဥပ္ပါံအုပ်စု၊ အေးသုခကျေးရွာတို့ကို ရွာမြေများအဖြစ် စနစ်တကျ စိစစ်တိုင်းတာ သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်က တိုက်ကြီးမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမသျှိုကျေးရွာနှင့် ဆင်စခန်းကျေးရွာ၊ ရွှေမင်းဝံကျေးရွာ၊ တဘူးရေသိုးအုပ်စုရွာများနှင့် စားကျက်/ပလပ်မြေများတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သော ဥပ္ပါံအုပ်စု၊ အေးသုခကျေးရွာတို့ကို ရွာမြေများအဖြစ် စနစ်တကျစိစစ်တိုင်းတာ သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော် မေးခွန်းနှစ်ခု မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မေးခွန်း(၁)အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြမေးမြန်းသည့် မေးခွန်းကတော့ အမျိုးသားလွှတ်တော် ၂၆-၇-၂၀၁၂ ရက်နေ့က ကျင်းပတဲ့ (၁၅)ရက်နေ့မြောက်၊ စတုတ္ထအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ် သစ်တောမြေအတွင်း လယ်ယာလုပ်ကိုင်သူများနှင့် အိမ်ထောင်စုများ နေထိုင်ပြီး အကျိုးခံစားခွင့် ဆောင်ရွက်ပေးနိုင်မှု အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့တဲ့အခါမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးမှ လွှတ်တော်သို့ ကိုယ်တိုင်လာရောက် ဖြေကြားခဲ့တဲ့အခါမှာ ကျေးရွာများနှင့် လယ်ယာမြေ အခြားစိုက်ပျိုးမှုများအား မြေယာခွဲဝေ အသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းပြီး မြေယာအသုံးချမှု မူဝါဒနှင့် မြေအသုံးချမှုဆိုင်ရာ စီမံကိန်းရေးဆွဲ စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် ဖော်ပြပါ မူဝါဒနှင့် စီမံကိန်းများ ရေးဆွဲဆောင်ရွက်ပြီးစီးပါက ဒေသခံပြည်သူများ၏ စိုက်ပျိုးမြေလိုအပ်မှုနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်သည့် မြေအသုံးချမှုဆိုင်ရာကိစ္စရပ်များ စနစ်တကျ စီမံဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသွားခဲ့ပါတယ်။

၂၀၁၃ ခုနှစ်အထဲမှာလည်း တိုက်ကြီးမြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းအတွင်း နေထိုင်ကြသော အိမ်ခြေ(၅၀)အထက် စုဖွဲ့နေထိုင်သူများအား သစ်တောမြေအတွင်း တောင်ယာလုပ်ကိုင်စားသောက်နေထိုင်သော မိသားစုများအားလည်းကောင်း၊ မြို့နယ်သစ်တောဦးစီးမှူးနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး မင်္ဂလာရပ်ကွက်၊ ချင်းကုန်း၊ သနပ်ချောင်း၊ ဥပ္ပုံ၊ ဖလုံဘူတာ၊ ကင်းမတီး၊ ရေတွင်းကုန်း၊ တဘူးရေသိုး၊ ကျွဲဘုတ်၊ စမ်းရွာ၊ ချောင်းစောက်၊ ဆင်စခန်းအုပ်စုများအား သစ်တောမြေအတွင်းရှိ အရပ်ဝလေ့ အခေါ် အမည်များဖြင့်နေထိုင်သော ကျေးရွာအမည်များနှင့် ရွာမြေတိုင်းတာစိစစ်ခြင်းများ၊ သစ်တောမြေအတွင်း အမှန်တကယ် လယ်လုပ်ကိုင်သူများကိုလည်း လယ်ယာမြေအဖြစ် သစ်တောမြေအတွင်းမှပယ်ဖျက်ရန် စိစစ်ထောက်ခံချက်များအရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဘဏ်များမှ သစ်တောလယ်လုပ်ကိုင်ခဲ့သူများအား စိုက်ပျိုးစရိတ်များ ထုတ်ပေးလျက်ရှိပြီး ရွာမြေအဖြစ် ယခုနေထိုင်သူများအား ရွာအဖြစ်တည်ရန် ဧရိယာတွက်ချက် သတ်မှတ်စိစစ်ပေးထားလျက်ရှိကြောင်း၊ မိမိကိုယ်တိုင် ယင်းကျေးရွာရပ်မိရပ်ဖများ၊ ပြည်သူများနှင့် ကွင်းဆင်းထိတွေ့စဉ်က ကြားသိခဲ့ရသည့်အတွက် သစ်တောဝန်ကြီးနှင့်တကွ နိုင်ငံတော်အစိုးရအား ပြည်သူများ၏ကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယင်းကျေးရွာနေ ပြည်သူများနှင့် ကွင်းဆင်းထိတွေ့စဉ် သစ်တောမြေအတွင်း ရွာအဖြစ်တည်ရှိရန် ရည်ရွယ်သတ်မှတ်ထားခဲ့တာလည်း အချို့ကျေးရွာများမှာ သစ်တောမြေအတွင်း တစ်နိုင်တစ်ပိုင် ရာသီပင် စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်သော သီးပင်များအား အသက်မွေးဝမ်းကြောင်းအဖြစ် (၁)ဧက၊ (၂)ဧက၊ (၃)ဧက စိုက်ပျိုးလုပ်ကိုင်ကြသူများ ရှိနေကြပါတယ်။ မိမိကိုယ်တိုင် ၎င်းတို့

လုပ်ကိုင်စားသောက်နေထိုင်သည့် တောင်ယာခင်းများထဲသို့ ရောက်ရှိခဲ့ကြသည့်အတွက် ရွာမြေအဖြစ် သတ်မှတ်ကျူးကျော်နေသည့် ယာမြေ၊ လယ်ယာမြေနေရာများအား တစ်ပိုင်တစ်နိုင် လုပ်ကိုင်စားသောက် နေသူများအား စိစစ်ပြီး ဥယျာဥ်ခြံမြေများအဖြစ် ဆောင်ရွက်ပေးနိုင်မှု အစီအစဥ် ရှိ/မရှိနှင့် သစ်တောမြေ အဖြစ်မှ ရွာမြေအဖြစ် ပြောင်းလဲရန် ကွင်းဆင်းစိစစ်ခဲ့စဥ် အိမ်ခြေ(၅၀)အထက် ရွာမြေအဖြစ် စိစစ် တိုင်းတာပေးရန် ကျန်ရှိခဲ့သော မင်္ဂလာရပ်ကွက်၊ ပျဥ်းမသျှိုကျေးရွာ၊ ဆင်စခန်းကျေးရွာ၊ ရွှေမင်းဝံ ကျေးရွာ၊ တဘူးရေသိုးအုပ်စု (တဘူးရေသိုးရွာ သစ်တန်း) ရွာများအား ရွာမြေများ အဖြစ် ချမှတ်ပေးရန် အစီအစဥ် ရှိ/မရှိ ဒေသခံပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မေးခွန်း(၂)အနေနဲ့ ကြယ်ပွင့်ပြ မေးခွန်း မေးမြန်း ခွင့်ပြုပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ မိမိ၏ အမှတ်(၁၂) မဲဆန္ဒနယ်ဖြစ်သော တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူးမြို့နယ်အတွင်းကို ၂၀၁၄ ခုနှစ်၊ လွှတ်တော်ရပ်နားစဥ်က လွှတ်တော် အတွေ့အကြုံများ သက်ဆိုင်ရာမြို့နယ်များကို လွှတ်တော်ကိုယ်စားလှယ်များရုံးမှ တာဝန်ခံများနှင့်အတူ ပြည်သူများအား ကွင်းဆင်းထိတွေ့စည်းရုံးခဲ့စဥ်က ဒေသခံပြည်သူများမှ တင်ပြချက်များအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်အစိုးရအဖွဲ့ထံ ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါတယ်။

မိမိမေးမြန်းသော မေးခွန်းများသည် မိမိမဲဆန္ဒနယ်မှတစ်ဆင့် တစ်နိုင်ငံလုံး မြို့နယ်များအား သက်ဆိုင်ပါကြောင်း ကြိုတင်ပန်ကြားလိုပါတယ်။ တိုက်ကြီးမြို့နယ်အား ဦးစွာ တင်ပြလိုပါတယ်။ တိုက်ကြီးမြို့နယ်သည် ဥက္ကံမြို့၊ အဖျောက်မြို့၊ တိုက်ကြီးမြို့ (၃)မြို့နှင့် ရပ်ကွက်(၂၀)၊ ကျေးရွာအုပ်စု (၇၄)အုပ်စု၊ စုစုပေါင်း (၉၄)အုပ်စုဖြင့် ဖွဲ့စည်းထားသော မြို့နယ်ဖြစ်ပြီး တိုက်ကြီးမြို့နယ်အား ၃၀-၈-၁၉၇၂ ရက်စွဲပါစာအမှတ် ၁၀၃/၂၆ စိတ်(၁)ဖြင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ အမိန့်ဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဥက္ကံမြို့အား ၆-၈-၁၉၉၀ ရက်စွဲပါစာအမှတ် ၂/၃၀၀/အထ(၂)ဖြင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ အမိန့်စာဖြင့်လည်းကောင်း၊ အဖျောက်မြို့အား ၁-၂-၁၉၉၉ ရက်စွဲပါ စာအမှတ် ၁၀၀/၂၃-၂၄/ဦး(၁)ဖြင့်လည်းကောင်း၊ ကျေးရွာအုပ်စုများအား ၂၇-၄-၁၉၇၃ ရက်စွဲပါ စာအမှတ် ၃/၁၉၆/အထ(၂)ဖြင့်လည်းကောင်း၊ ၁-၃-၁၉၉၉ ရက်စွဲပါစာအမှတ် ၁၀၀/၂၃-၂၄၀/ဦး(၁) ဖြင့် ထုတ်ပြန်ထားသော အမိန့်များဖြင့် မြို့(၃)မြို့၊ ကျေးရွာအုပ်စု၊ ရွာခွဲပေါင်း (၄၅၅)ရွာအမည်ဖြင့် တည်ဆောက်ထားသော မြို့နယ်ဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါတယ်။

၎င်းမြို့နယ်များမှာ ယနေ့ ၂၀၁၄ ခုနှစ်၊ စာရင်းအရ စုစုပေါင်း လူဦးရေ (၂၇၇၆၀၅)ဦး နေထိုင်လျက် ရှိသော်လည်း အချို့ကျေးရွာခွဲများသည် နောက်တိုးရွာခွဲအမည်များနှင့် စားကျက်မြေ၊ ပလပ်မြေများတွင် တည်ဆောက်ထားရှိနေပြီးလည်းကောင်း၊ ကျေးရွာပေါင်း (၄၅၅)ရွာသည် ယနေ့အချိန် အထိ ကျေးရွာမြေအဖြစ် သတ်မှတ်ခြင်းမခံရဘဲ လယ်ယာမြေများတွင် ရွာတန်းများ တိုးချဲ့ဆောက်လုပ် နေထိုင်သည့်အတွက် ယခုလို ပွင့်လင်းသော စီးပွားရေးစနစ်တစ်ခုမှာ အိမ်၊ ခြံမြေများ ပိုင်ဆိုင်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသော လုပ်ငန်းများ ရှိနေသည့်အတွက် ပြည်သူများအနေဖြင့် ပုံစံ (၁၀၅/၁၀၆) ထုတ်ယူရာတွင် ရွာမြေသတ်မှတ်ထားရှိခြင်း မရှိသည့်အတွက် အခက်အခဲများနှင့် ရင်ဆိုင်နေရခြင်း ဖြစ်ကြောင်း မိမိတွေ့ဆုံစဥ် ပြည်သူများမှ တင်ပြချက်အရအောက်ပါမေးခွန်းများကို ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ မေးမြန်းအပ်ပါတယ်။

အပိုဒ်(၁) မြို့နယ်အတွင်းရှိ ကျေးရွာခွဲအားလုံး ရွာမြေအဖြစ် စနစ်တကျ စိစစ်ပြီး တိုင်းထွာ သတ်မှတ်ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ။ အပိုဒ်(၂) စားကျက်/ပလပ်မြေများတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သော တိုက်ကြီးမြို့နယ်၊ ဥပ္ပံအုပ်စု၊ အေးသုခကျေးရွာအား (၁၉.၂၅)ဧက ရွာမြေအဖြစ် စီစဉ်ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ များကို ဒေသခံပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO, INGOs) နှင့်ပတ်သက်၍ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုး က မြန်မာ နိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO, INGOs) နှင့်ပတ်သက်၍ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဗိုလ်မှူးကြီးခင်စိုး (တပ်မတော်သား ကိုယ်စားလှယ်)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်နဲ့ ကော်မရှင်အဖွဲ့ဝင်များ၊ ဧည့်သည်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ အတွင်းမှာရှိတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း (NGO, INGOs) တွေနဲ့ ပတ်သက်တဲ့ မေးခွန်းများကို မေးမြန်းလိုပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကမ္ဘာမှာ နိုင်ငံတကာအဖွဲ့အစည်းပေါင်း အမြောက်အမြားရှိပြီးတော့ တိုးတက်ပြောင်းလဲလာတဲ့ ယနေ့အခါမှာတော့ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစတဲ့ ကဏ္ဍများစွာမှာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း များစွာပေါ်ထွက်လာနေကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။

NGO သမိုင်းကို လေ့လာတဲ့အခါမှာတော့ ပြည်တွင်း NGO တွေဟာ ရှေးပဝေသဏီကတည်းက ရှိခဲ့ပြီးတော့ နိုင်ငံတကာ NGO များကတော့ ၁၈၃၉ ခုနှစ်လောက်ကတည်းက ရှိနေကြောင်း၊ ၁၉၁၄ ခုနှစ်မှာတော့ NGO အဖွဲ့ပေါင်း(၁၀၀၀)ကျော်ခန့်ရှိခဲ့ကြောင်း သိရှိရပြီးတော့ ယခုအခါမှာတော့ NGO အဖွဲ့ပေါင်း(၄၀၀၀၀)ခန့်ထိရှိကြောင်း သိရှိရပါတယ်။ ဒီအဖွဲ့တွေဟာ ပုံသဏ္ဌာန်အမျိုးမျိုး၊ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ကဏ္ဍပေါင်းစုံမှာ ပါဝင်လှုပ်ရှားဆောင်ရွက်လျက် ရှိနေပြီးတော့ အချို့ကတော့ ဒေသအတွင်းမှာ မိမိတို့ရဲ့ နိုင်ငံအကျိုးစီးပွားကို ဆောင်ရွက်နေပြီးတော့မှ အချို့ကတော့ နိုင်ငံတကာကို ဖြန့်ကျက်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အစိုးရမဟုတ်တဲ့ ဒီ အဖွဲ့အစည်း NGO ဆိုတဲ့ အမည်ကတော့ ၁၉၄၅ ခုနှစ်၊ ကုလသမဂ္ဂ စတင်ဖွဲ့စည်းချိန်မှစပြီးတော့ ထင်ရှားစွာ အသုံးပြုခဲ့ပြီးတော့ NGO အခေါ်အဝေါ်ကတော့ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အခန်း(၁၀)၊ ပုဒ်မ ၇၁ မှာ အစိုးရအဖွဲ့အစည်းလည်း မဟုတ်၊ အဖွဲ့ဝင်နိုင်ငံများနှင့်လည်း မသက်ဆိုင်သောအဖွဲ့အစည်းဟု ဖော်ပြ အသိအမှတ်ပြုထားကြောင်း ကို

တွေ့ရှိရပါတယ်။ ၁၉၅၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်မှာတော့ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီရဲ့ ဆုံးဖြတ်ချက်အမှတ် ၂၈၈(ဌ)မှာ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း INGOs ဆိုပြီးတော့မှ စတင်သုံးနှုန်းခဲ့ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ NGO ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကတော့ နိုင်ငံတကာ ဥပဒေစာချုပ်အရ ဖွဲ့စည်းတည်ထောင်သည့် နိုင်ငံတကာ အဖွဲ့အစည်းတစ်ရပ်ဟု ဖွင့်ဆိုထားကြောင်း တွေ့ရှိရပြီးတော့ ကမ္ဘာ့နိုင်ငံများက အမျိုးမျိုး ခေါ်ဝေါ်သုံးစွဲလျက်ရှိရာမှာ အမြတ်အစွန်း မယူတဲ့အဖွဲ့၊ ပုဂ္ဂလိက စေတနာ့ဝန်ထမ်း အဖွဲ့၊ ကြားခံအဖွဲ့အစည်း၊ စေတနာ့ဝန်ထမ်းအေဂျင်စီ စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံရေးသိပ္ပံပညာရှင်အချို့ရဲ့ ဖော်ထုတ်တင်ပြချက်အရတော့ NGO ရဲ့ ဝိသေသ လက္ခဏာ (၇)ရပ်ရှိကြောင်း တွေ့ရှိရပါတယ်။ (၁) အသင်းအဖွဲ့ စရိုက်ရှိခြင်း၊ (၂) အစိုးရနှင့် ပတ်သက်မှု မရှိခြင်း၊ (၃) အမြတ်အစွန်း ရယူခွဲဝေမှု မရှိခြင်း၊ (၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိခြင်း၊ (၅) စေတနာ့ဝန်ထမ်း သဘောရှိခြင်း၊ (၆) ဘာသာရေးနှင့် ပတ်သက်မှု မရှိခြင်း၊ (၇) ပါတီနိုင်ငံရေး ကင်းရှင်းခြင်းတို့ ဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် NGO ရဲ့ အခန်းကဏ္ဍ အရေးကြီးတဲ့အတွက် ကြောင့်မို့လို့ NGO တွေဟာ ဥပဒေကြောင်းအရ တရားဝင်ဖွဲ့စည်းရကြောင်း၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ မည်သည့်အစိုးရမှ ပါဝင်ခွင့်၊ ကိုယ်စားပြုခွင့် မရှိကြောင်း၊ သို့ရာတွင် တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အပြည့်အဝဖြစ်စေ ရန်ပုံငွေထောက်ပံ့ပေးနိုင်ကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့အချိန်အခါမှာတော့ (NGO, INGOs) များရဲ့ အခန်းကဏ္ဍ အရေးပါလာတာ တွေ့ရှိရပါတယ်။ ၎င်းတို့ရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် နိုင်ငံတကာနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများစွာ ရှိလာတာကိုလည်း တွေ့ရှိရပါတယ်။ သို့ရာတွင် အချို့ (NGO, INGOs) များဟာ အပြုသဘောဆောင်ပြီးတော့ နိုင်ငံရေးကင်းရှင်းတဲ့ လူမှုရေးသက်သက် အဖွဲ့များရှိသလို အချို့ကတော့ ပြည်တွင်းငြိမ်းချမ်းရေး ထိခိုက်စေနိုင်တဲ့ ဆောင်ရွက်မှုမျိုး၊ နိုင်ငံရေးပယောဂမကင်းတဲ့ လှုပ်ရှားဆောင်ရွက်မှုများလည်း ရှိနေကြောင်းကိုလည်း လေ့လာသုံးသပ် တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံမှာတော့ ယနေ့အစိုးရသစ်လက်ထက်မှာ (NGO, INGOs) များဟာ ပိုမိုပူးပေါင်းလှုပ်ရှားဆောင်ရွက်လာကြောင်း တွေ့ရှိရပြီးတော့ ရခိုင်ပြည်နယ်အတွင်း၌ပင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်နေတဲ့ (NGO,UN, INGOs) အဖွဲ့ (၂၄)ဖွဲ့ခန့် ရှိနေကြောင်းကိုလည်း သိရှိရပါတယ်။ ဒီအဖွဲ့တွေရဲ့ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ၊ ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ ဒေသအတွက် ကောင်းကျိုးတွေလည်း အများကြီး ရှိတာကို တွေ့ရသလို၊ ဆိုးကျိုးတွေလည်း ရှိလာနိုင်တယ်လို့ သုံးသပ်ရတဲ့အတွက်ကြောင့်မို့လို့ အောက်ပါမေးခွန်းများကိုလည်း မေးမြန်းလိုပါတယ်။

(က) မြန်မာနိုင်ငံမှာ ပြည်တွင်း NGO အဖွဲ့ပေါင်းနှင့် အင်အား မည်မျှ ရှိပြီး မည်သည့်ဒေသ၌ မည်သည့်လုပ်ငန်းများ ဆောင်ရွက်နေသည်။ (ခ) မြန်မာနိုင်ငံ၌ နိုင်ငံတော်အစိုးရမှ ခွင့်ပြုထားသော INGOs အဖွဲ့ပေါင်း မည်မျှရှိသည်၊ မည်သည့်လုပ်ငန်းများ ဆောင်ရွက်နေသည်၊ မည်သည့်အကျိုးကျေးဇူးများ ရရှိသည်။ (ဂ) ရခိုင်ပြည်နယ်အတွင်း (NGO,UN, INGOs) အဖွဲ့ပေါင်း မည်မျှရှိပြီး မည်သည့်

လုပ်ငန်းများ ဆောင်ရွက်နေသည်။ (ဃ) NGO နှင့် INGOs များအား နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေး အတွက် အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး လိုအပ်သော ဥပဒေပြဌာန်းချက်များနှင့် မူဝါဒ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲပြဌာန်းသတ်မှတ်ထားခြင်း ရှိ/မရှိ။ ရှိပါက သိရှိလို ပါသည်။ (င) NGO၊ INGOs များနှင့် ပတ်သက်ပြီးတော့ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်မှု ရှိ/မရှိ စောင့်ကြည့်ကြပ်မတ်နိုင်ရေး မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုတဲ့ အတွက်ကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ အခြေအနေနှင့်ပတ်သက်၍ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က ရန်ကုန်တိုင်းဒေသကြီးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ အခြေအနေနှင့် ပတ်သက်၍ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မနှစ်က ရန်ကုန်တိုင်းမှာ ဖြစ်ခဲ့တဲ့ လူသတ်မှုတွေ ထဲမှာ လှိုင်သာယာ လက်ဖက်ရည်ဆိုင်လူသတ်မှုနဲ့ ကျွန်တော့်မဲဆန္ဒနယ်မြေ ရန်ကင်းမြို့နယ် (၁၂)ရပ်ကွက် ထဲက ခေါင်းဖြတ်လူသတ်မှုက အလွန်ပဲ နာမည်ကြီးခဲ့ပါတယ်။ ဒီလူသတ်မှုတွေကြောင့် ပြည်သူတွေဟာ တော်တော်ကြီးကို ခြောက်ခြားသွားရပါတယ်။ လှိုင်သာယာဟာ လူသတ်မှု ဗွီဒီယိုအခွေထဲမှာ ဆိုလို့ရှိရင် လူသတ်နေတာကို ဆိုင်ပိုင်ရှင်က ခြေစုံရပ်ပြီးတော့ တိတ်တဆိတ် စောင့်ကြည့်နေရတဲ့အနေအထားကို တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော့် ရန်ကင်း မဲဆန္ဒနယ်မြေ က ခေါင်းဖြတ်လူသတ်မှုကလည်း တဒုတ်ဒုတ်နဲ့ ခေါင်းဖြတ်သတ်နေတာကို အနီးပတ်ဝန်းကျင်ရှိ အိမ်တွေက မီးပိတ်၊ တံခါးပိတ်ပြီး ငြိမ်ကုပ်ပြီး စောင့်နေ ရတဲ့ အနေအထားပါ။

တစ်နည်းအားဖြင့် လက်မရွံ့ လူသတ်သမားတွေ၊ လူဆိုးတွေဟာ ပြည်သူတွေကြားထဲမှာ နေတာပါ။ သူတို့လုပ်ချင်တဲ့အချိန်မှာ ထင်သလို လုပ်နေတဲ့ဘဝပါ။ ပြည်သူတွေဟာ ဒါကို ငြိမ်ပြီး နေရ တာပါ။ ဒါကြောင့် ကျွန်တော်တို့က ပြည်သူတွေကြားမှာ ဒီလို လက်မရွံ့လူသတ်သမားတွေ ဘယ်လောက် ရှိလဲဆိုတာ ကျွန်တော်တို့ မပြောနိုင်ပါဘူး။ ဒါပေမယ့် တစ်ဘက်ကတော့ ကျွန်တော်တို့ သိနိုင်တာကတော့ ပြည်သူတွေကြားထဲမှာ ရဲဘယ်လောက်ရှိတယ်။ ပြည်သူနဲ့ရဲ အချိုးဟာ ဘယ်လောက်ရှိလဲဆိုတာ ကျွန်တော်တို့သိနိုင်ပါတယ်။ ဒီအချိုးအစားဟာ ကောင်းမယ်၊သိမယ်၊ မြင့်မားတယ်ဆိုလို့ရှိရင် တစ်ဘက် အချိုးအစားက နိမ့်တယ်လို့ ကျွန်တော်တို့ မျှော်လင့်လို့ရပါတယ်။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးရဲ့ အတွင်းမှာဆိုလိုရှိရင်လည်း လူဦးရေသန်းခေါင်စာရင်းလည်း ကောက်ပြီးပါပြီ။ ရန်ကုန်တိုင်း လူဦးရေနဲ့ ရဲတပ်ဖွဲ့ဝင်တွေရဲ့ အချိုးအစား ဘယ်လောက်ရှိတယ်ဆိုတာ ပထမမေးခွန်းအဖြစ် သိရှိလိုပါတယ်ခင်ဗျား။

ဒုတိယဆက်လက်တင်ပြချင်တာက ဥက္ကဋ္ဌကြီးခင်ဗျား။ လူဆိုးတစ်ယောက်ကို ရဲကလိုက်ဖမ်း ရတာပါ။ လယ်ကွင်းထဲမှာ လိုက်ဖမ်းရတာထက် ဘုရားပွဲထဲမှာ လိုက်ဖမ်းရတဲ့ အနေအထားမျိုး

မတူပါဘူး။ တစ်နည်းအားဖြင့် လူဦးရေသိပ်သည်းမှုရှိလို့ရှိရင် ရဲတပ်ဖွဲ့ရဲ့အခြေအနေဟာ လူအင်အားဟာ ပိုပြီး လိုတဲ့အနေအထားပါ။ ဒါကြောင့် ရန်ကုန်မြို့ရဲ့ လူဦးရေကလည်း အခုကမ္ဘာပေါ် မှာ ဆိုလို့ရှိရင် အာရှမှာဆိုရင် အသိပ်သည်းဆုံးအဆင့်ကို ရောက်နေပါပြီ။ ရန်ကုန်မြို့ရဲ့ လူဦးရေ သိပ်သည်းမှုစာရင်းအရ ရဲတပ်ဖွဲ့ အင်အားက ပိုမိုလိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်တိုင်းအတွင်းမှာ ရဲတပ်ဖွဲ့ဝင်ဦးရေကို ပိုမို ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ ကို ဒုတိယအဆင့်အဖြစ် သိရှိလိုပါတယ်ခင်ဗျား။

တတိယမေးခွန်းအဖြစ် တင်ပြလိုတာက ရဲကင်းကိစ္စပါ ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် စင်္ကာပူမှာ အလုပ်လုပ်ခဲ့တုန်းက ဘာတွေ့ရလဲ ဆိုလို့ရှိရင် စင်္ကာပူမြို့ရဲ့ အဓိကအချက်အချာ ကျတဲ့နေရာတွေမှာ နေရာကောင်းလေးတွေမှာပေါ့နော်။ တိုက်ခန်းအောက်ဖက်တွေမှာ ရဲကင်းလေးတွေ ထားပါတယ်။ အဲဒီ့ထဲမှာရှိတဲ့ ရဲတွေကို စောင့်ကြည့်တဲ့အခါမှာ ရေ၊ မီး အပြည့်အစုံနဲ့ တိုက်ခန်းတွေမှာ သက်တောင့်သက်သာ နေရပါတယ်။ အဓိက ရဲလုပ်ငန်းဆိုတာမျိုးဟာလည်း ဒီနေ့ ဘာမှုဖြစ်လို့ ဘယ်လိုလုပ်ရမလဲဆိုတာ ကြိုတင်ပြောနိုင်တာ မဟုတ်ပါဘူး။ သူတို့က (၂၄)နာရီ Alert ရှိရမယ်။ ဒါပေမဲ့ သက်တောင့်သက်သာလည်း နေနိုင်မယ့် အနေအထားမျိုး ဖန်တီးရမှာပေါ့နော်။

ပြည်သူတွေကြားထဲမှာလည်း ရဲကင်းတွေက ပြန့်ပြန့်နှံ့နှံ့ တည်ရှိနေတာလည်း ပြည်သူတွေ အတွက်က ပိုကောင်းပါတယ်။ အခုတော့ ရန်ကုန်မြို့မှာဆို ရဲကင်းတွေဟာ သိရှိသလောက်ကတော့ မရှိသလောက်ပါပဲ၊ သူသက်ဆိုင်ရာ ရဲစခန်းတွေလောက်မှာပဲ ရဲက စုထားပြီးတော့ ကျန်တဲ့နေရာမှာ ရဲကင်းမရှိပါဘူး။ ကျွန်တော့်ရပ်ကွက် ဥက္ကဋ္ဌရုံးမှာဆိုလို့ရှိရင် ရဲကင်းရှိတယ်ဆိုပေမယ့် ဟိုးကျောင်ကလောင်မှာပါ။ အဲဒီတော့ ရဲရှိ/မရှိလည်းမသိတော့ဘူး။ နေရာအနေအထားလည်း မကောင်းပါဘူး။

အခု နေပြည်တော်မှာ ကျွန်တော် ကြည့်တဲ့အခါမှာလည်း ရဲကင်းတွေ ဆောက်ထားတဲ့ အဆောက်အဦ အပြာလေး တွေ့ရပါတယ်။ ရေမရှိ၊ မီးမရှိ၊ သံပြားကြီးမိုး၊ သံပြားကြီးကာတဲ့နေရာမှာ ရဲက ဘယ်လိုမှ မနေနိုင်ပါဘူး။ အဲဒီတော့ ရဲကင်း ဆိုတာမျိုးကလည်း အခုလို ဒီလိုအနေအထားမျိုးနဲ့ ဆောက်လို့ မရပါဘူး။ ဒီရဲတပ်ဖွဲ့အနေနဲ့ သက်တောင့်သက်သာနေနိုင်မယ့် ရေ၊ မီး အပြည့်အစုံ၊ အိမ်သာ အပြည့်အစုံနဲ့ နားနား နေနေ နေနိုင်မယ့် ကင်းမျိုးပေါ့နော်။ အဲဒါလည်း ပြည်သူကြားထဲမှာ လိုပါတယ်။

ရန်ကုန်မြို့မှာ ဆိုလိုရှိရင် အဓိကနေရာလမ်းတွေ၊ အချက်အချာတွေမှာ အဆောက်အဦမရှိတောင်မှ ငှားပြီးတော့မှ ဒါတွေက ဖွင့်သင့်ပါတယ်လို့ တင်ပြအပ်ပါတယ်။ အဲဒါကြောင့် ရန်ကုန်မြို့ လူစည်ကားရာနေရာမှာ ရေ၊မီး အပြည့်အစုံနဲ့ ရဲများ သက်တောင့်သက်သာနေနိုင်တဲ့ ရဲကင်းများထားရှိပေးရန် အစီအစဉ်ရှိ/မရှိ ကိုလည်း တတိယအဆင့်အဖြစ် သိရှိလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌခင်ဗျား။ ဆက်လက်တင်ပြသလိုပေါ့နော်၊ ရဲတပ်ဖွဲ့အင်အားလုပ်ငန်းကတော့ ကြိုပြောလို့ မရပါဘူး။ ဒါပေမဲ့ (၂၄)နာရီ Alert ရှိတဲ့လုပ်ငန်းပါ၊ သူတို့လစာ၊ သူတို့လုပ်ငန်းက တခြားလုပ်ငန်းနဲ့ မတူတဲ့အတွက် လစာနဲ့ ခံစားခွင့်တွေမှာ တခြားလူတွေနဲ့ တန်းတူထားလို့မရပါဘူး။ ဥပမာ စင်္ကာပူနိုင်ငံမှာဆိုလို့ရှိရင် အစိုးရဝန်ထမ်းချင်းတောင်မှ လစာအဆင့်အတန်းချင်း တူရင်တောင်မှ ရဲတပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်တဲ့သူက ပိုမြင့်ပါတယ်။ နှစ်စဉ်မှာလည်း ပိုပိုတိုးပေးပါတယ်။ မနှစ်က နိုင်ငံပိုင် သတင်းစာထဲမှာလည်း စင်ကာပူရဲတွေကို လစာ(၃၀)ရာခိုင်နှုန်း အထိတောင် တိုးပေးတဲ့အကြောင်းကို ဖော်ပြထားတာ တွေ့ရပါတယ်။

အဲဒီတော့ လုပ်ငန်းသဘောသဘာဝအရ ရဲတပ်ဖွဲ့လုပ်ငန်းဟာ တခြားလူတွေနဲ့ လုပ်ငန်းချင်း မတူတဲ့အတွက် လစာအဆင့်အတန်းချင်း တူရင်တောင် သူတို့ကို ထောက်ပံ့ကြေး ပိုပေးရမယ့် အနေအထား ဖြစ်ပါတယ်။ ဒါကိုလည်း ပိုပေးဖို့အတွက် ကျွန်တော်က တင်ပြတာပါ။ ဒီလိုမပေးနိုင်ဘူးဆိုရင် ဘာတွေဖြစ်မလဲဆိုရင် ဥပမာတစ်ခုတင်ပြမယ်ဆိုရင် ကျွန်တော့်မိတ်ဆွေ လုပ်ငန်းရှင် တစ်ယောက် ရှိပါတယ်။ သူ့သားက တော်တော်ဆိုးပါတယ်။ ဆိုးတဲ့အခါမှာ သူ့သားက တစ်နေ့တော့ မူးယစ်ဆေးဝါးနဲ့ ပြဿနာဖြစ်တယ် ကြားလိုက်တာနဲ့ အဲဒီလုပ်ငန်းရှင်ဟာ ပြေးပြီးတော့ ငွေသိန်း(၂၀) လောက်ပေးပြီး ပြန်ခေါ်ခဲ့ရတယ်လို့ ကြားပါတယ်။

ဒါမျိုးတွေလည်း ရှိပါတယ်။ တစ်နည်းအားဖြင့် ရဲတပ်ဖွဲ့က တစ်ဖက်က လစာထောက်ပံ့ကြေးနဲ့ပတ်သက်လို့ အားနည်းမှုရှိရင် တစ်ဖက်မှာ ပေးမယ့်လူက အဆင်သင့်ရှိပါတယ်။ အဲဒီတော့ ဒီအနေအထားမျိုးကို ကျွန်တော်တို့က နားလည်ရမှာ ဖြစ်ပါတယ်။ ရဲတပ်ဖွဲ့က တစ်ဖက်က အနေအထားက ပေးမယ့်ကမ်းမယ့်လူ အနေအထား မဝင်နိုင်အောင် ရဲတပ်ဖွဲ့ကလည်း ခိုင်မာတဲ့၊ လုံလောက်တဲ့ ထောက်ပံ့ကြေးတွေ၊ မက်လုံးတွေနဲ့ ပေးရမှာ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံမှာ ဆိုလို့ရှိရင် ရဲတပ်ဖွဲ့လုပ်ငန်းဟာ ပုဂ္ဂလိက လုပ်တာပါ။

ပုဂ္ဂလိကဆိုတဲ့အတွက် လစာကလည်း တော်တော်လေးကို ကြေးမြင့်မြင့်နဲ့ သူတို့ တောင်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာတော့ ဒီလိုဥပဒေမျိုး မရှိတဲ့အတွက် ဒါမဖြစ်နိုင်သေးပါဘူး၊ တစ်ဖက်ကတော့ လုပ်ငန်းသဘောသဘာဝခြင်း မတူဘူး။ (၂၄)နာရီတာဝန်ထမ်းဆောင်တဲ့အတွက် တစ်ဖက်ကလည်း ဒီလိုမျိုးပေးမယ့်၊ ကမ်းမယ့်လူတွေ အန္တရာယ်ကိုလည်း ကာကွယ်သောအားဖြင့် ပေ့ါနော်။ ရဲတပ်ဖွဲ့တွေကို လုံလောက်သော လစာထောက်ပံ့ကြေးများပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရသေ့တောင်မြို့နယ်၏ ပင်လယ် ကမ်းခြေနှင့် ကျွန်းများပေါ်ရှိ တံငါကျေးရွာများအား ပြန်လည်တည်ဆောက်ပေးရန်နှင့် ၎င်းတို့၏ လုံခြုံရေး ရေလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာရေးနှင့် ဆိပ်ကမ်း တည်ဆောက်ရေးတို့ကိုလည်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် က ရသေ့တောင်မြို့နယ်၏ ပင်လယ်ကမ်းခြေနှင့် ကျွန်းများပေါ်ရှိ တံငါကျေးရွာများအား ပြန်လည် တည်ဆောက်ပေးရန်နှင့် ၎င်းတို့၏လုံခြုံရေး၊ ရေလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာရေးနှင့် ဆိပ်ကမ်းတည်ဆောက်ရေးတို့ကိုလည်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ကျွန်တော် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးထားတဲ့မေးခွန်းက ရသေ့တောင်မြို့နယ်၏ ပင်လယ်ကမ်းခြေနှင့် ကျွန်းများပေါ်ရှိ

တံငါကျေးရွာ များအား ပြန်လည်တည်ဆောက်ပေးရေး၊ ၎င်းတို့၏လုံခြုံရေး၊ ရေလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးရေးနှင့် ဆိပ်ကမ်းတည်ဆောက်ရေးတို့ကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်ဟာ ရေနေငါးသယံဇာတ ပေါများသော ရေပြင်တစ်ခု ဖြစ်ပါတယ်။ ပင်လယ်ကမ်းခြေတစ်လျှောက်မှာ စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့၏ ကမ်းရိုးတန်းအရှည်မှာ စုစုပေါင်း မိုင်(၆၀)ခန့် ရှိပါတယ်။ စစ်တွေမြို့နယ်၌ ငါးဖမ်းမော်တော် (စက်လှေ) (၁၀၀)ကျော် ရှိပါတယ်။ မောင်တောမြို့နယ်မှာလည်း ငါးဖမ်းမော်တော် ရာကျော်ရှိပါတယ်။ သို့သော်လည်း ကြားအလယ်မှာရှိတဲ့ ကျွန်တော်တို့ ရသေ့တောင်မြို့နယ်ဟာ ပင်လယ်ကမ်းခြေ မိုင်အရှည်(၂၀)မိုင်ခန့် ပိုင်ဆိုင်ထားသော်လည်းပဲ ယခုအချိန်မှာတော့ ဒီ စက်တပ်ငါးဖမ်းမော်တော် မဆိုထားပဲနဲ့ ငါးဖမ်းလှေကြီးတွေတောင်မှ တစ်စီးမျှ ပိုင်ဆိုင်ထားတာ မရှိပါဘူး။

၁၉၉၀ ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေး ပွင့်လာတဲ့အခါ ရသေ့တောင်မြို့နယ် တောင်ဘက်စွန်း နံ့သာကျွန်းမှာ အိမ်ခြေ(၆၀)ခန့်၊ အောက်ကျွန်းမှာ အိမ်ခြေ(၃၀)ခန့်နှင့် ပေါ်ကျွန်းတွင် အိမ်ခြေ(၃၀)၊ အပေါက်ချောကျွန်းတွင် အိမ်ခြေ(၄၀)မှ (၂၀၀)ခန့်ထိ တည်ရှိခဲ့ပါတယ်။ ဒီရွာတွေ အားလုံးဟာ ငါးဖမ်းလုပ်ငန်းကို အခြေပြုပြီး တဖြည်းဖြည်း စုစည်းပြီးတော့ ကြီးထွားလာတဲ့ တံငါရွာများ ဖြစ်ပါတယ်။ ဒီကျေးရွာများဟာ လူအင်အားကို အသုံးပြုတဲ့ ရေလုပ်ငန်းတွေဖြစ်တဲ့ ကျားပိုက်၊ မျှောပိုက်၊ တန်းပိုက်၊ မျှားတန်း၊ ဝိုင်းပိုက်စတဲ့ လုပ်ငန်းတွေကို လုပ်ကိုင်ကြပါတယ်။ ဒေသခံအနီးရှိ ကျေးရွာများမှလည်း လူနှစ်သောင်း သုံးသောင်းလာပြီးတော့ မှီခိုနေတဲ့ စီးပွားရေးခွင်တစ်ခု ဖြစ်ပါတယ်။ ကုန်ထုတ်လုပ်မှုကလည်း အလွန်တရာ မြင့်မားပါတယ်။ ရေခူပေါ်တဲ့နှစ်တွေဆိုရင် သိန်း၊ သောင်းဂဏန်းချီပြီးတော့ ဒီရွာတွေက ကုန်ထုတ်လုပ်မှု ရှိပါတယ်။ စစ်တွေမြို့မှာ ညပိုင်းမှာ မီးမလင်းပေမယ့်လည်း အဲဒီရွာတွေက မီးတွေဟာ ညလုံးပေါက် မီးထိန်လင်းတောက်ပနေတဲ့ ကျေးရွာတွေ ဖြစ်ပါတယ်။

ဒါပေမဲ့ အခုအချိန်မှာတော့ ရေလုပ်ငန်းနဲ့ အဲဒီရွာတွေဟာ မရှိတော့ပါဘူး။ ၂၀၁၀ ခုနှစ်၊ ရခိုင်-ဘင်္ဂါလီ အဓိကရုဏ်းနောက်ပိုင်းမှာ အဲဒီတံငါရွာများနှင့် ရေလုပ်ငန်းများ ပျက်စီး ပျောက်ကွယ်သွားပါတယ်။ ဒါ့အပြင် ရသေ့တောင်မြို့နယ် ပင်လယ်ကမ်းခြေကုန်းတွင်းပိုင်းမှာ ရခိုင်တိုင်းရင်းသားကျေးရွာ (၈)ရွာ ရှိပါတယ်။ အဲဒီ(၈)ရွာမှာရှိတဲ့ ရေလုပ်ငန်းနှင့် ငါးဖမ်းစက်လှေတွေ၊ လောင်းလှေကြီးတွေလည်း ကွယ်ပျောက်သွားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပါဝါပွိုင့်ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒီဟာက အနီနဲ့ ဖော်ပြထားတာက နံ့သာကျွန်းဆိုတဲ့ အပေါ်ကျွန်းဖြစ်ပါတယ်။ အဲဒီမှာ တံငါရွာလေးတွေ သုံး၊ လေးရွာရှိပါတယ်။ အခုကတော့ အဲဒီရွာတစ်ဝိုက်ကနေပြီး ဒီ စစ်တွေကနေ မောင်တောကြားမှာ ကျွန်တော်တို့ တိုင်းရင်းသားမဟုတ်တဲ့ ငါးဖမ်းလှေတွေက လွှမ်းမိုးထားတဲ့ ချုပ်ကိုင်ထားတဲ့ ဧရိယာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မောင်တောမြို့နယ်မှ စစ်တွေမြို့နယ်အထိ ရှည်လျားသော ငါးဖမ်းရေပြင်အား တိုင်းရင်းသားမဟုတ်သူ ငါးဖမ်းစက်လှေများက ယခင် နှစ်ပေါင်းများစွာက ကြီးစိုးထားပါတယ်။ သူတို့လှေတွေဟာ တစ်ဖက် နိုင်ငံကလှေတွေနဲ့ အချိတ်အဆက် လုပ်ထားပါတယ်။ အဲဒီနိုင်ငံက ငွေကို ယူပါတယ်။ ဈေးကောင်းတဲ့ ဈေးကွက်ကလည်း ငါးဈေးကွက်ကလည်း အဲဒီနိုင်ငံမှာပဲ ရှိပါတယ်။ အဲဒီ နိုင်ငံကနေပြီးတော့ ကျွန်တော်တို့နိုင်ငံ

ဆီက ငါးတွေကို အဓိက ဈေးကောင်းတဲ့ငါးတွေဖြစ်တဲ့ ငါးမုတ်၊ ငါးသလောက်၊ ငါးလှချေတို့ကို အဓိက ထားပြီး ဝယ်ပါတယ်။

၂၀၁၀ခုနှစ်၊ အရေးအခင်းနောက်ပိုင်းမှာ ၎င်းတို့ရဲ့ ငါးဖမ်းစက်လှေများဟာ စစ်တွေက ထွက်ပါတယ်။ ပင်လယ်မှာ ငါးဖမ်းပါတယ်။ ငါးဖမ်းပြီးတော့ ဘင်္ဂလားဒေ့ရှ်မှာ သွားရောင်းပါတယ်။ ပြန်လာရင် ပင်လယ်မှာ ငါးနည်းနည်းဖမ်းပါတယ်။ ပြီးတော့ စစ်တွေမြို့ကို ပြန်ဝင်လာပါတယ်။ အဲဒီလို ခေါက်တုံ့ခေါက်ပြန် သွားနေတာဟာ ဒီကနေ့ထိဖြစ်ပါတယ်။ ဒီတိုင်းရင်းသားငါးဖမ်း၊ ဒီ ကျွန်တော်တို့ တိုင်းရင်းသား ငါးဖမ်းစက်လှေတွေမှာကျတော့ လူအင်အား၊ ငွေအင်အားနဲ့ လုံခြုံရေးမရှိတဲ့အတွက် ပင်လယ်ပြင်ကို မထွက်နိုင်ဘဲ ဖြစ်နေရာကနေပြီးတော့ ဒီကျေးရွာတွေနဲ့ ဒီရေလုပ်ငန်းတွေ ပျက်စီးသွား ရခြင်းဖြစ်ပါတယ်။

တကယ်လို့ ဒီ (၃၅)ပေ၊ ပေ(၄၀)လောက်ရှိတဲ့ အသေးစား မော်တော် ငါးဖမ်းမော်တော် အုပ်စုတွေကို တည်ထောင်ပေးပြီးတော့ အဲဒီ ကျွန်းများပေါ်မှာ လူနေအိမ်ခြေအနီးမှာ ကမ်းစခန်းတွေချ ထားခြင်းအားဖြင့် ဒီ ပင်လယ်ပြင်လုံခြုံရေးကို တိုးမြှင့်ပြီးတော့ စောင့်ရှောက်ပေးပါက ရခိုင်မြောက်ပိုင်း မှာရှိတဲ့ ဒီ ငါးဖမ်းလုပ်ငန်းတွေနဲ့ အထက်ဖော်ပြပါ ဒီ တံငါရွာကလေးတွေဟာ ပြန်လည်စည်ကားလာ ပြီးတော့ ရေလုပ်ငန်းတိုးတက်ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။ ဆင်းရဲမွဲတေမှု လျှော့ချနိုင်ပြီး ရွှေ့ပြောင်း လုပ်သားတွေ ထွက်ရှိမှုလည်း နည်းပါးလာမှာ ဖြစ်ပါတယ်။ ပြီးတော့ ဒီဒေသက ကာကွယ်ရေးကျေးရွာ တွေအဖြစ် ဒီရွာတွေ ဖြစ်လာမှာဖြစ်တဲ့ အကျိုးကျေးဇူးတွေကို ကျွန်တော်တို့ ခံစားရမှာ ဖြစ်ပါတယ်။ အဲဒီလိုဖြစ်လာဖို့ ကျွန်တော်တို့ အဲဒီ ကမ်းခြေတစ်လျှောက်မှာ ဆိပ်ကမ်းတစ်ခု ရှိဖို့ လိုအပ်ပါတယ်။ ရသေ့တောင်မြို့ တောင်ဘက်စွန်း အငူမော်ကျေးရွာက မောင်တောမြို့နယ် အထိဆိုရင် ပင်လယ်ကမ်းခြေ ဟာ မိုင်(၄၀)ရှည်ပါတယ်။ သဲသောင်ပြင်ကမ်းခြေတစ်ခုဖြစ်ပါတယ်။


ဒါပေမဲ့ အဲဒီမိုင်(၄၀)တစ်လျှောက်မှာ ဆိပ်ကမ်းတစ်ခုမှ မရှိသေးပါဘူး။ ဆိပ်ကမ်းရှိမှသာ ငါးဖမ်းတဲ့မော်တော်တွေနဲ့ လှေတွေ လုံခြုံရေးရေယာဉ်တွေဟာ ရာသီမရွေး၊ အချိန်မရွေး၊ နေ့ရော ညပါ ဝင်ထွက်သွားလာပြီးတော့ ရာသီဥတု ဆိုးရွားတဲ့အချိန်မှာလည်း ခိုနားနိုင်မှာဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံမှာ ကျတော့ ဒီလိုဆိပ်ကမ်းမျိုးတွေ စိန်မာတင်ကျွန်း (ခေါ်) အုန်းကျွန်းမှာ ရှိပါတယ်။ ရေလုပ်ငန်းကို ငွေချေး ပေးတဲ့ ဘဏ်စနစ်တွေလည်းရှိတဲ့အတွက် သူတို့ ရေလုပ်ငန်းက ဖွံ့ဖြိုးနေပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ် ကျွန်တော် တင်ပြရရင် ရသေ့တောင်မြို့နယ်ရှိ ပင်လယ်ကမ်းခြေ မိုင်(၂၀) ဖွံ့ဖြိုးရေးအတွက် ဆိပ်ကမ်းကလေးတစ်ခုနဲ့ ဘဏ်ချေးငွေစနစ်တွေနဲ့ ရေလုပ်ငန်းကို ပံ့ပိုးပေးဖို့ လိုအပ်ပါတယ်။ အဲဒီလို ဖြစ်မှသာလျှင် တိုင်းရင်းသားများရဲ့ ရေလုပ်ငန်း ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်မှာဖြစ်ပြီး တစ်ချိန်တည်းမှာ စစ်တွေ- ဘင်္ဂလားဒေ့ရှ် ငါးမှောင်ခိုလုပ်ငန်းနဲ့ လုံခြုံရေးလမ်းကြောင်းတွေကို ထိန်းချုပ်နိုင်မှာဖြစ်ပါလို့ တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

နံ့သာကျွန်း ခေါ် အပေါ်ကျွန်း မြေပုံ (၄)





နံ့သာကျွန်း ခေါ် အပေါ်ကျွန်း မြေပုံ (၄-၁)



ဆိပ်ကမ်း ဒီဇိုင်းပုံကြမ်း မြေပုံ (၄-၁)

ပုံ (၄)

**ဆိပ်ကမ်း (Basin) ဒီဇိုင်း ပုံကြမ်း**




**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၁။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ အခု ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း က ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး(၇)ခု၊ ပြည်နယ်(၇)ခု အပါအဝင် ခရိုင်(၇၃)၊ မြို့နယ်(၃၃၀)၊ မြို့(၄၁၇)၊ ရပ်ကွက်(၃၁၄၅)၊ ကျေးရွာအုပ်စု(၁၃၆၁၀)နဲ့ ကျေးရွာ(၆၃၈၉၉)ရွာတို့နဲ့ ဧရိယာနယ်နိမိတ် ပိုင်းခြားသတ်မှတ်ပြီးတော့ ဖွဲ့စည်းထားရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်မှာ မြို့(၃)မြို့၊ ရပ်ကွက်(၂၀)၊ ကျေးရွာအုပ်စု (၇၄)အုပ်စု၊ ကျေးရွာ(၄၆၂)ရွာတို့ကိုလည်း ဧရိယာနယ်နိမိတ်သတ်မှတ်ပြီးတော့ ဖွဲ့စည်းထားရှိပါတယ်။ မင်္ဂလာရပ်ကွက်နဲ့ ဆင်စခန်းကျေးရွာတို့ဟာ ပြည်ထဲရေးဝန်ကြီးဌာန အမည်ပေါက်ရပ်ကွက် နှင့်

ကျေးရွာများ ဖြစ်ပါတယ်။ ပျဉ်းမသျှိုတဲအုပ်စုမှာ အိမ်ခြေ(၄၈)လုံး၊ အိမ်ထောင်စု(၄၈)စု၊ လူဦးရေ (၁၇၄)ဦးတို့ဟာ တောင်လှိုင်ရိုးမ သစ်တောကြိုးဝိုင်းမှာလည်းကောင်း၊ ရွှေမင်းဝံတဲစုမှာ အိမ်ခြေ(၄၅) လုံး၊ အိမ်ထောင်စု(၄၅)စု၊ လူဦးရေ(၁၉၇)ဦးတို့ဟာ လှိုင်ရိုးမ တောင်ပေါ်သစ်တောကြိုးဝိုင်းအတွင်း မှာလည်းကောင်း၊ (တဘူးရေသိုးရွာသစ်တန်း)တဲစုဟာ အိမ်ခြေ(၁၆)လုံးတစ်စု၊ အိမ်ခြေ(၁၈)လုံးတစ်စု၊ အိမ်ခြေ (၃၉)လုံးတစ်စု စုစုပေါင်းအိမ်ခြေ(၇၃)လုံးနဲ့ ပြန့်ကျဲပြီးတော့မှ မာဂရီသစ်တောကြိုးဝိုင်း အတွင်းမှာ လည်းကောင်း နေထိုင်လျက်ရှိပါတယ်။

ရွှေမင်းဝံတဲစုကို ပြည်ထဲရေးအမည်ပေါက် ကျေးရွာများအဖြစ် ဖွဲ့စည်းနိုင်ဖို့အတွက် သစ်တောကြိုင်းဝိုင်းမြေမှ ပယ်ဖျက်ရန် မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ပျဉ်းမသျှိုတဲစုနှင့် (တဘူးရေသိုးရွာသစ်တန်း) တဲစုတို့ဟာ ပြန့်ကျဲနေတဲ့ အိမ်ထောင်စုများ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန တို့နှင့် နီးစပ်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့မှ ၁၅-၁၂-၂၀၁၄ ရက်နေ့မှစတင် ပြီးတော့မှ ကွင်းဆင်း စာရင်းကောက်ယူ လျက်ရှိပါတယ်။ သစ်တောကြိုးဝိုင်းမှ ပယ်ဖျက်ပြီးလို့ရှိရင် ပျဉ်းမသျှို တဲစုကို မင်္ဂလာရပ်ကွက်အတွင်းသို့လည်းကောင်း၊ ရွှေမင်းဝံတဲစုကို ငါးအိမ်စု ရွှေမင်းဝံကျေးရွာ အဖြစ် ဆင်စခန်းကျေးရွာ အုပ်စုအတွင်းသို့လည်းကောင်း၊ (တဘူးရေသိုးရွာသစ်တန်း) တဲစုကို တဘူးရေသိုး ကျေးရွာအုပ်စုအတွင်းသို့လည်းကောင်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထည့်သွင်း ဖွဲ့စည်းရန် စီစဉ်ထားရှိကြောင်း သိရှိရပါတယ်။

အေးသုခတဲစုဟာ ဥပ္ပုံကျေးရွာအုပ်စု၊ ဥပ္ပုံကျေးရွာ၊ ရေအိုးစင်စားကျက်မြေအတွင်းမှာ ပါဝင်ပြီး အိမ်ခြေ(၂၇)လုံး၊ အိမ်ထောင်စု (၃၁)စု၊ လူဦးရေ(၁၀၃)ဦး နေထိုင်လျက်ရှိပါတယ်။ အဆိုပါ တဲစုဟာ စားကျက်မြေအတွင်းမှာ ကျရောက်နေတဲ့အတွက် သက်ဆိုင်ရာ ကျေးရွာအုပ်စုကနေပြီးတော့မှ စားကျက်မြေ ပယ်ဖျက်ခွင့်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သို့ ၂၆-၁၂-၂၀၁၄ ရက်နေ့မှာ တင်ပြဆောင်ရွက်လာတဲ့အတွက် သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနမှ သစ်တောကြိုးဝိုင်းများ အတွင်းမှာ ကျူးကျော်နေထိုင်လျက်ရှိတဲ့ ကျေးရွာ(၁၃၉၇)ရွာကို သစ်တောမြေအတွင်းမှ ပယ်ဖျက်ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် သစ်တောမြေအတွင်း ကျူးကျော်နေသော ကျန်ရှိတဲ့ ကျေးရွာတွေကိုလည်း ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ သစ်တောမြေနှင့် စားကျက်မြေမှ ပယ်ဖျက်ပြီး တော့ ကျေးရွာများကို ပြင်ဆင်ဖွဲ့စည်းရန် တင်ပြဆောင်ရွက်လာမယ်ဆိုလို့ရှိရင် ဧရိယာ နယ်နိမိတ်ကို ပြန်လည်ပြင်ဆင် တိုင်းတာပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ အဆင့်ဆင့် တင်ပြ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည် ပြောင်းရန် ပေါ်ပေါက်လာလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က

နိုင်ငံတော် သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမယ်လို့ ပြဋ္ဌာန်း ထားရှိပါတယ်။

တိုက်ကြီးမြို့နယ်၊ ပျဉ်းမသျှိုတဲစု၊ ရွှေမင်းဝံတဲစုနဲ့ တဘူးရေသိုး(ရွာသစ်တန်း)တဲစုတို့အား သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ခွင့်အား သစ်တောဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)အရ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနမှ ပယ်ဖျက်ခွင့်ပြုရမှာဖြစ်ပါတယ်။ အဆိုပါ တဲစု(၃)စုကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ခွင့်၊ အေးသုခတဲစုကို စားကျက်မြေအဖြစ်မှ ပယ်ဖျက်ခွင့်တို့အား ရရှိပြီးမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နဲ့အညီ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော် သမ္မတထံ ထောက်ခံတင်ပြပေးသွားရမှာ ဖြစ်ကြောင်းနှင့် ခွင့်ပြုချက်ရရှိလို့ရှိရင်တော့ ပြည်ထဲရေး ဝန်ကြီးဌာနမှ အမည်ပေါက်ကျေးရွာဖြစ်ရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ပေး သွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုး ရဲ့ မြန်မာနိုင်ငံ အတွင်းမှာရှိတဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO, INGOs) များနှင့်ပတ်သက်၍ သိရှိလိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဆက်လက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကနေ ဥပဒေအမှတ်(၆/၈၈)နဲ့ ၁၉၈၈ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့မှာ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေအရ ဖွဲ့စည်းထားတဲ့ ပြည်တွင်းအသင်းအဖွဲ့ (NGO) (၆၆၃)သင်း၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ (INGOs) (၁၀၆)ဖွဲ့ စုစုပေါင်းအသင်းအဖွဲ့(၇၆၉)ဖွဲ့ရှိပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၃၁)နဲ့ အသင်းအဖွဲ့များ မှတ်ပုံ တင်ခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးတော့ ဒီ ဥပဒေပုဒ်မ ၄၃ အရ အသင်းများ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ (၆/၈၈)ကို ရုပ်သိမ်းခဲ့ပါတယ်။ သို့သော် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄၂ အရ ယခင်ကဖွဲ့စည်းထားတဲ့ အသင်းအဖွဲ့(၇၆၉)ဖွဲ့ဟာ ဒီ ဥပဒေနှင့်အညီ ဖွဲ့စည်းထားတဲ့ အသင်း အဖွဲ့များအဖြစ် သတ်မှတ်ထားရှိပြီးတော့မှ လှုပ်ရှားဆောင်ရွက်လျက် ရှိပါတယ်။

ယခုအချိန်မှာ အောက်ဖော်ပြပါ ပြည်တွင်းအသင်းအဖွဲ့ (NGO)(၆၆၃)သင်းဟာ ၎င်းတို့ အသင်းအဖွဲ့ရဲ့ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအလိုက် မြန်မာနိုင်ငံတစ်ဝန်းမှာ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်အတွင်းမှာ လိုအပ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ သာသနာရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနေသော ဒေသမြို့နယ်အမည်ခံထားတဲ့ အသင်း(၁၅၄)သင်း၊ နာရေး ကိစ္စနဲ့ သက်သက် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော နာရေးအမည်ခံထားတဲ့ အသင်း(၈၆)သင်း၊ သက်ကြီးရွယ်အိုများ မိဘမဲ့ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော သက်ကြီးရွယ်အို စောင့်ရှောက်ရေးအသင်းနှင့် မိဘမဲ့ပရဟိတကလေးများ စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေတဲ့ အသင်း(၄၅)သင်း၊ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ရာဒေသရှိ ပြည်သူလူထု၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေတဲ့ အသင်း(၂၅)သင်း၊ အသက် မွေးဝမ်းကျောင်းလုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ အခြားလူမှုရေးဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်တဲ့ အသင်း(၂၉၅)သင်း၊

စာပေစာနယ်ဇင်းနှင့် ယဥ်ကျေးမှုဆိုင်ရာလုပ်ငန်းဆောင်ရွက်နေတဲ့ အသင်း(၂၇) သင်း၊ အငြိမ်းစား ဝန်ထမ်းဟောင်းများ အသင်း(၁၆)သင်း၊ အားကစားကိစ္စရပ်များ ဆောင်ရွက်နေတဲ့ အသင်း(၁၅)သင်း ဖြစ်ပါတယ်။

ဒါ့အပြင်ကို အောက်ဖော်ပြပါ အစိုးရမဟုတ်တဲ့ နိုင်ငံတကာအသင်းအဖွဲ့ (INGOs) (၁၀၆)ဖွဲ့ ဟာ ၎င်းတို့ အဖွဲ့အစည်းတို့ကနေ ဆောင်ရွက်နေတဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အဓိက သက်ဆိုင်တဲ့ ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပြီးတော့ စာချုပ်ပါမူဝါဒများနဲ့အညီ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေ ကတော့ ပညာရေးလုပ်ငန်းများ ဆောင်ရွက်နေတဲ့အဖွဲ့အစည်း(၁၃)ဖွဲ့၊ ကျန်းမာရေးလုပ်ငန်း ဆောင်ရွက် နေတဲ့ အဖွဲ့အစည်း(၄၄)ဖွဲ့၊ လူမှုရေးလုပ်ငန်း ဆောင်ရွက်နေတဲ့ အဖွဲ့အစည်း(၂၀)ဖွဲ့၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေသော အဖွဲ့အစည်း(၈)ဖွဲ့၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့(၂၁)ဖွဲ့တို့ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရမှ ဆင်းရဲမှုလျှော့ချရေးနဲ့ ကျေးလက် စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းချက် ချမှတ်ထားရှိဆောင်ရွက်နေတဲ့အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေနဲ့ ဆင်းရဲမှုလျှော့ချရေးနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဥ်(၈) ရပ်ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါတယ်။ အလားတူ NGO၊ INGOs များဟာ သူတို့ရဲ့ ရည်ရွယ်ချက်လုပ်ငန်းစဥ်များအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကဏ္ဍပေါင်းစုံမှာ ပါဝင်ဆောင်ရွက်လျက်ရှိရာမှာ NGO၊ INGOs တွေဟာ ဒေသခံပြည်သူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နေတဲ့အတွက် ကျေးလက်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုပြည့်ဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ပြည်သူလူထုရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခန်းကဏ္ဍ အသီးသီးရဲ့ လိုအပ်ချက်တွေကို ဖြည့်စွက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မယ့် အကျိုးကျေးဇူးရလာဒ်ကောင်းများကိုလည်း ရရှိမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာတော့ ယခင် ဥပဒေအရ ဖွဲ့စည်းခွင့်ပြုထားတဲ့ NGO အသင်း (၈)သင်း၊ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရပြည်နယ်အဆင့်မှာ ယာယီမှတ်ပုံတင်လက်မှတ်နှင့် ဆောင်ရွက်နေတဲ့ အသင်း(၆)သင်း၊ သီးခြားဥပဒေများနဲ့ ဖွဲ့စည်း၍ လှုပ်ရှားဆောင်ရွက်နေသော မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ အသင်း စုစုပေါင်း အသင်းအဖွဲ့(၄)ဖွဲ့နှင့် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၇ မှာ ပြည်တွင်းအသင်း အဖွဲ့များသည် ဆန္ဒအလျောက် မှတ်ပုံတင်လိုပါက သက်ဆိုင်ရာ မှတ်ပုံတင်ရေး အဖွဲ့သို့ လျှောက်ထားနိုင်သည်လို့ ပြဋ္ဌာန်းချက်အရ မှတ်ပုံမတင်ဘဲနဲ့ လှုပ်ရှားဆောင်ရွက်နေတဲ့NGO အသင်း (၃၅)သင်း ရှိတဲ့အတွက်ကြောင့်မို့လို့ စုစုပေါင်း ရခိုင်ပြည်နယ်မှာ NGO (၅၃)သင်း ရှိပါတယ်။

အလားတူ ယခင်ဥပဒေအရ ဖွဲ့စည်းခွင့်ပြုခဲ့တဲ့ INGOs အဖွဲ့အစည်း(၁၃)ဖွဲ့ရှိပြီးတော့ တရားဝင်မှတ်ပုံတင်ခွင့် မပြုရသေးသော်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများရဲ့ ထောက်ခံချက်နဲ့ လှုပ်ရှားဆောင်ရွက်လျက်ရှိပြီးတော့ မှတ်ပုံတင်ခွင့်လျှောက်ထားဆဲ INGOs အဖွဲ့(၁)ဖွဲ့၊ နိုင်ငံ တကာ

ကြက်ခြေနီအသင်း (ICRC)(၁)သင်း၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း (UN)(၈)ဖွဲ့ ရှိတဲ့အတွက် စုစုပေါင်း (UN ၊ INGOs) အဖွဲ့အစည်း(၂၃)ဖွဲ့ ရှိပါတယ်။ ဒါကြောင့်မို့လို့ ရခိုင်ပြည်နယ်မှာ စုစုပေါင်း (NGO၊ UN၊ INGOs) အသင်းအဖွဲ့(၇၆)ဖွဲ့ လှုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါ အဖွဲ့တွေအနေဖြင့် ပညာရေး၊ ကျန်းမာရေးဆောင်ရွက်နေတဲ့ အသင်း(၂၆)သင်း၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးအသင်း(၁၃)သင်း၊ ရေကောင်းရေသန့်ရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးတိုးတက်ဆောင်ရွက်နေသော အသင်း(၂၃)သင်း၊ သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသော အသင်း(၈)သင်း၊ သာရေး နာရေး ဆောင်ရွက်နေသော အသင်း(၆)သင်းတို့ ဖြစ်ပါတယ်။

ပြည်တွင်းအသင်းအဖွဲ့ NGO နှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ INGOs များအနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော တည်ဆဲ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များအပြင် ခေတ်ကာလနှင့်လျော်ညီအောင် ပြန်လည်ရေးဆွဲထားတဲ့ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များအတိုင်း နည်းဥပဒေမ ထုတ်ပြန်ခင် ကာလအတွင်း ၂၉-၁၂-၂၀၁၄ ရက်နေ့မှ စတင်ပြီးတော့ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ရဲ့ လျှောက်လွှာလက်ခံရုံးကို ပြည်ထဲရေးဝန်ကြီးဌာနမှာ ဖွင့်လှစ်ပြီးတော့မှ ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးဆောင်ရွက်လျက်ရှိပါတယ်။ ဒီဥပဒေအပေါ်မှာ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ကိုလည်း ဆက်လက်ထုတ်ပြန်နိုင်ဖို့အတွက် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့သို့ ပေးပို့အတည်ပြုချက်ရရှိရေး ဆောင်ရွက်လျက်ရှိပါတယ်။

အစိုးရမဟုတ်တဲ့ နိုင်ငံတကာအသင်းအဖွဲ့ INGOs တွေဟာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ထားတဲ့ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှုနဲ့ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအကောင်အထည်ဖော်ရာမှာ စနစ်တကျ အဆင်ပြေချောမွေ့စေရေး အစီအစဥ် လုပ်ငန်း လမ်းညွှန်စာစောင်မှာ ပါရှိတဲ့ INGOs များရဲ့ လုပ်ငန်းစီမံချက် အစီရင်ခံစာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနသို့ (၃)လ (၁)ကြိမ် ပြုစုပြီးတော့ ပေးပို့တင်ပြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် INGOs တွေဟာ လုပ်ငန်းလမ်းညွှန်ရဲ့ စည်းကမ်းချက်များနဲ့ ကိုက်ညီမှု ရှိ/မရှိ၊ (MoU) စာချုပ်ပါသဘောတူညီချက်များနဲ့ ကိုက်ညီမှု ရှိ/မရှိ တို့ကို သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအခန်း(၃)၊ ပုဒ်မ ၆(စ)မှာ ဤဥပဒေ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုလည်းကောင်း ဖောက်ဖျက်ကြောင်း တွေ့ရှိရပါက မှတ်ပုံတင်လက်မှတ်လဲလှယ်ခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းကို ငြင်းပယ်ခြင်းဟူ၍ ပြဋ္ဌာန်းထားရှိတဲ့အတွက် အဆိုပါ NGO/INGOs အသင်းအဖွဲ့တွေကို (MoU) လက်မှတ်ရေးထိုးထားတဲ့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဒေသ

အဖွဲ့အစည်းများရဲ့ ကြီးကြပ်မှု၊ အဆင့်ဆင့်သော မှတ်ပုံတင်ရေးအဖွဲ့များရဲ့ ကြီးကြပ်မှုနဲ့ ဆောင်ရွက် လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များရဲ့ အခြေအနေနဲ့ပတ်သက်လို့ မေးခွန်းကိုဆက်လက်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီးမှာ စုစုပေါင်းလူဦးရေ (၇၃၅၅၀၇၅) ဦးရှိပြီးတော့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး(၁)ရုံး၊ တိုင်းဒေသကြီး ရဲအကူတပ်ဖွဲ့ခွဲ(၁)ဖွဲ့၊ ခရိုင် ရဲတပ်ဖွဲ့မှူးရုံး(၄)ရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး(၄၅)ရုံး၊ မြို့မရဲစခန်း(၄၅)ခု၊ နယ်မြေရဲစခန်း(၃၈)ခု၊ ရဲကင်း စခန်း(၁၉)ခုတို့နဲ့ မြို့တွင်း၊ မြို့ပြင်လုံခြုံရေးဆောင်ရွက်ခြင်း၊ ရဲလုပ်ငန်းနှင့် မှုခင်းကြိုတင်ကာကွယ် ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အဓိကကျတဲ့နေရာမှာ ပုံသေလုံခြုံရေးဆောင်ရွက်ခြင်း၊ အရေးကြီး တဲ့ လမ်း၊ တံတား၊ အဆောက်အအုံများ၊ သံရုံးများနှင့် သံအဖွဲ့ဝင်နေအိမ်များ စောင့်ရှောက်ခြင်း၊ အရေး ကြီးပုဂ္ဂိုလ်များလုံခြုံရေး၊ နိုင်ငံခြားဧည့်သည်တော်များလုံခြုံရေး၊ ရဲစခန်းအသီးသီးမှာရှိတဲ့ အချုပ်သား လုံခြုံရေး စတဲ့တာဝန်တွေကို ထမ်းဆောင်လျက်ရှိပြီးတော့မှ ရဲတပ်ဖွဲ့ဝင်နဲ့ ပြည်သူအချိုးမှာ (၁း၁၂၂၈) ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့အင်အားတိုးချဲ့နိုင်ဖို့အတွက် တပ်ဖွဲ့ဝင်များ စုဆောင်းခန့်ထားနိုင်ရန် အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးပြီးတော့ ရေရှည်အကျိုး ဆောင်ရွက်နိုင်သူတွေနဲ့ ရဲတပ်ဖွဲ့ကို အမှန်တကယ် ဝင်ရောက်လိုသူတွေကိုသာ စိစစ်ရွေးချယ်ပြီးတော့ တပ်ဖွဲ့ဝင်အသစ်များ ဖြည့်တင်းလျက်ရှိပါတယ်။ ပြင်ပကနေဘွဲ့ရတဲ့ ဒုရဲအုပ်လောင်းများ ခန့်ထားနိုင်ဖို့အတွက်လည်း အရည်အချင်း သတ်မှတ်ချက်များဖော်ပြပြီးတော့ သတင်းစာများမှ လျှောက်လွှာခေါ်ယူပြီး အရည်အချင်း ပြည့်မီသူတွေကို သင်တန်းတက်ရောက်စေလျက် အင်အားပြည့်မီရေး ဆောင်ရွက်လျက် ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင် အပါအဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုလုံး အင်အား ပြည့်မီဖို့အတွက် စုဆောင်းရရှိတဲ့ တပ်ဖွဲ့ဝင်အသစ်တွေကို တာဝန် ခွဲဝေချထားပေးလျက် ရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှာ လူစည်ကားရာနေရာဒေသများမှာ ယာယီလုံခြုံရေး ရဲကင်းများ ချထားဆောင်ရွက်ခဲ့ပြီးတော့ တာဝန်ပြီးဆုံးချိန်မှာ ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။ လက်ရှိ အချိန်မှာတော့ အရာရှိဦးစီး(၁၈)ဦးစီပါဝင်တဲ့ ရဲကင်းစခန်းများကို အရှေ့ပိုင်းခရိုင်မှာ(၃)ခု၊ တောင်ပိုင်း ခရိုင်မှာ(၁၁)ခု၊ မြောက်ပိုင်းခရိုင်မှာ(၅)ခု စုစုပေါင်းရဲကင်းစခန်း(၁၉)ခုကို လူစည်ကားရာ နေရာများ မှာ ဖွင့်လှစ်ထားရှိပါတယ်။ နယ်မြေအေးချမ်းသာယာရေးအတွက် ပြည်သူဗဟိုပြုတဲ့ ရဲလုပ်ငန်းစနစ် ကျင့်သုံးပြီးတော့မှ လှည့်ကင်း၊ ဝပ်ကင်း၊ ရပ်ကင်းများဖြင့် ရပ်ကွက်/ကျေးရွာများ အတွင်းသို့ လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထောက်ပံ့မှုအနေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို လစာအပြင်တစ်လမှာ ရိက္ခာထောက်ပံ့ ငွေ(၃)သောင်းကျပ်၊ အပိုထောက်ပံ့ကြေးငွေ(၃)သောင်းကျပ်၊ ဝေးလံခေါင်ပါးတဲ့ဒေသမှာ မြို့နယ် (၁၁၀)မှာ တာဝန်ထမ်းဆောင်နေတဲ့ တပ်ဖွဲ့ဝင်ဝန်ထမ်းတွေကို လက်ရှိခံစားနေရတဲ့ လစာနဲ့ ညီမျှတဲ့ ငွေပမာဏအတိုင်း ဒေသစရိတ်အဖြစ် ခံစားခွင့်ပြုထားပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဝတ်စုံ

စရိတ် အဖြစ်ကို အရာရှိသင်တန်းသားတစ်ဦးမှာ (၇၁၅၀၀)ကျပ်၊ အခြားအဆင့် သင်တန်းသား(၁)ဦးမှာ (၆၄၂၀၀)ကျပ်၊ စာရေးဝန်ထမ်း(၁)ဦးလျှင် (၃)သောင်းကျပ်၊ ကျန်းမာရေးဆိုင်ရာ ဆေးဝါး အကာအကွယ်နှင့် ဆေးကုသမှုအတွက် တပ်ဖွဲ့ဝင်/စာရေး ဝန်ထမ်း(၁)ဦးမှာ (၁)နှစ်ကို(၂)သောင်းကျပ်၊ တာဝန်ထမ်းဆောင်ရာ ဒေသနေ ညဥ့်အိပ်ညဥ့်နေ သင်တန်းတက်ရောက်ရတဲ့ တပ်ဖွဲ့ဝင်/စာရေး ဝန်ထမ်းတစ်ဦးကို တစ်ရက်ကို(၅၀၀)ကျပ်၊ အမှုစုံစမ်းခြင်းဆိုင်ရာအတွက် ခရီးစရိတ်အဖြစ် (၁)မှုမှာ (၅)ထောင်ကျပ်၊ တရားခံ ဖမ်းဆီးပို့ဆောင်ခအဖြစ် အမှုကြီး(၁)မှုမှာ (၅)သောင်းကျပ်နဲ့ အခြားအမှု(၁)မှုလျှင် (၃)သောင်းကျပ်၊ ကြိုတင်ကာကွယ်မှု(၁)မှုမှာ (၁)သောင်းကျပ် စသည်အားဖြင့် ထောက်ပံ့ပေးလျက် ရှိပါတယ်။

ဒါ့အပြင် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ နယ်မြေရဲစခန်းနဲ့ရဲကင်းစခန်းတွေအတွက်ကို မော်တော်ယာဥ်နဲ့ မော်တော်ဆိုင်ကယ်များအတွက် စက်သုံးဆီကို တစ်လမှာ (၁)ဂါလန်လျှင် (၃၃၅၀)ကျပ်နှုန်းနဲ့ ပြင်ပမှဝယ်ယူ သုံးစွဲနိုင်ရန် ရန်ပုံငွေကို ခွဲဝေချထားပေးလျက်ရှိပါတယ်။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ရဲစခန်း(၁)ခုလျှင် စက်သုံးဆီ (၁)လကို(၃၀)ဂါလန်နှုန်း၊ တိုင်းဒေသကြီး/ပြည်နယ်ကွပ်ကဲမှုအောက်ရှိတဲ့ အချုပ်ယာဥ်များ အတွက် တစ်စီးကို (၁)လကို (၃၀)ဂါလန်နှုန်းဖြင့် ခွင့်ပြုပေးထားပါတယ်။ ဒါ့အပြင် တယ်လီဖုန်းခ၊ လျှပ်စစ်ဓာတ်အားခ၊ အချုပ်သား ထမင်းကျွေးစရိတ်၊ စက်ကိရိယာပြင်ဆင်စရိတ်၊ ယာဥ်ပြင်ဆင်စရိတ်၊ စာရေးကိရိယာနှင့် ရုံးအသုံးအဆောင်များကိုလည်း တိုးမြှင့်သတ်မှတ်ခွဲဝေပေးလျက်ရှိပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် ရရှိတဲ့ ရန်ပုံငွေအပေါ် မှာ မူတည်ပြီးတော့ တစ်နှစ်စာ လျာထားချက်ကို စနစ်တကျ အချိုးညီမျှစွာ ခွဲဝေလျက်ရှိပြီးတော့ ရဲတပ်ဖွဲ့ဝင်တွေကို အထူးထောက်ပံ့ရန်ကိစ္စရပ်များ ပေါ်ပေါက်လာမယ်ဆိုလို့ရှိရင်တော့ ဖြည့်စွက်ရန်ပုံငွေ တင်ပြတောင်းခံဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ် အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ရသေ့တောင်မြို့နယ် ပင်လယ်ကမ်းခြေနှင့် ကျွန်းများပေါ်မှာရှိတဲ့ တံငါကျေးရွာတွေကို ပြန်လည်တည်ဆောက်ပေးရန်နှင့် ၎င်းတို့၏လုံခြုံရေး၊ ရေလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာရေးနှင့် ဆိပ်ကမ်းတည်ဆောက်ရေးတို့ကို ဆောင်ရွက်ပေးရန် အစီအစဥ် ရှိ/မရှိ မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းအတွက်ကို ကျွန်တော်တို့အနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ မွေးမြူရေးရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်များကို စုစည်းပြီးတော့မှ တင်ပြသွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်မှာ ရပ်ကွက်(၄)ရပ်ကွက်၊ ကျေးရွာအုပ်စု(၈၈)အုပ်စု၊ ကျေးရွာ(၁၉၆)ရွာတို့နဲ့ ဖွဲ့စည်းထားရှိပြီးတော့မှ အိမ်ခြေ(၂၇၈၀၆)လုံး၊ အိမ်ထောင်စု(၂၉၉၁၅)စု နဲ့ လူဦးရေ(၁၆၂၉၃၉)ဦး နေထိုင်လျက်ရှိပါတယ်။ ရသေ့တောင်မြို့နယ် အငူမော်၊ သာစည်၊ အငူမော် (ကုန်တန်း)၊ တန်းအေး၊ ပေါက်တောပြင်၊ ဆင်ပိုက်၊ ဒုံးပိုက်၊ ချိန်ခါလီ(ရခိုင်)၊ ချိန်ခါလီ(ဘင်္ဂါလီ) စတဲ့ ကျေးရွာများဟာ ပင်လယ်ကမ်းခြေကျေးရွာများဖြစ်ပါတယ်။ ဆောင်းရာသီနှင့်နွေရာသီအချိန်မှာ ပင်လယ်ကမ်းခြေကျေးရွာများမှ ရွာသူ/ရွာသားများဟာ တောင်ဘက်ကျွန်း၊ ပြင်တော၊ နံ့သာကျွန်း၊ အောက်ကျွန်း၊ အပေါက်ချောကျွန်းများမှာ ရေလုပ်ငန်းများ သွားရောက်လုပ်ကိုင်ကြပါတယ်။ ရသေ့တောင်မြို့နယ်၊ ငါးလုပ်ငန်းဦးစီးဌာန စာရင်းများအရ ကမ်းနီးစက်တပ်/စက်မဲ့ငါးဖမ်းရေယာဥ် များဟာ ၂၀၁၀-၂၀၁၁

ခုနှစ်မှာ (၅၃၇)စင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ (၅၅၆)စင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ (၃၉၀)စင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ (၄၇၅)စင်း၊ ၁-၄-၂၀၁၄ ရက်နေ့မှ ၃၁-၁၂-၂၀၁၄ ရက်နေ့အထိ (၄၄၉)စင်း ရှိကြောင်း သိရှိရပါတယ်။ သို့ဖြစ်လို့ ၂၀၁၂-၂၀၁၃ ခုနှစ် ငါးဖမ်းရေယာဉ် သိသာစွာ လျော့နည်းသွားခဲ့သော်လည်းပဲ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ငါးဖမ်းလုပ်ငန်းများပြန်လည် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဟာ ရသေ့တောင်မြို့နယ် တံငါကျေးရွာများမှာရှိတဲ့ ရေလုပ်ငန်းအစုအဖွဲ့များအတွက် (၁၈)ပေ၊ လှေ(၁၀)စီး၊ ပိုက်ကွန်(၃၀)လက် တို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ရခိုင်ပြည်နယ်အတွင်း ငါးဖမ်းကွက် (၂၁၁)ကွက်ကို တင်ဒါစနစ်နဲ့ ဆောင်ရွက်ခဲ့သော်လည်းပဲ ၂၀၁၃-၂၀၁၄ ခုနှစ်မှစပြီးတော့ တင်ဒါရောင်းချခြင်း မပြုတော့ဘဲနဲ့ ဘုံရေပြင်အဖြစ် ပြောင်းလဲသတ်မှတ်ပေးခဲ့တဲ့အတွက် မည်သည့်ရေလုပ်သားမဆို ကိရိယာလိုင်စင်အခွန်ပေးဆောင်ပြီးတော့ ငါး၊ ပုစွန်များ ရှာဖွေနိုင်ကြောင်း သိရှိရပါတယ်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ဟာ အလျား(၃၀)ပေ၊ အင်ဂျင်စွမ်းအား(၂၅)ကောင် မြင်းကောင်ရေအောက်ရှိတဲ့ ငါးဖမ်းရေယာဉ်များကို ကမ်းနီး ငါးဖမ်းရေယာဉ်ဖြင့်လည်းကောင်း၊ အလျား(၃၀)ပေ အင်ဂျင်စွမ်းအား(၂၅)မြင်းကောင်ရေအထက်ရှိတဲ့ ငါးဖမ်းရေယာဉ်များကို ကမ်းဝေးငါးဖမ်းရေယာဉ်ဟုလည်းကောင်း သတ်မှတ်ထားရှိပါတယ်။ အစုအဖွဲ့များ ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး ရခိုင်ပြည်နယ်မှာ ပြည်နယ်/ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်နဲ့ ကမ်းနီးငါးဖမ်း စက်လှေအသင်းတို့ကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ ရေလုပ်သားများအနေနဲ့ အစုအဖွဲ့များ ဖွဲ့စည်းလိုမယ်ဆိုလို့ရှိရင်တော့ ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရှိရပါတယ်။

ရသေ့တောင်မြို့နယ်လုံခြုံရေးကို အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့အောက်မှာရှိတဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲများမှ လုံခြုံရေးတာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်တစ်လျှောက်မှာ ရဲကင်းစခန်း(၁၃၉)ခုတို့ ကနေပြီးတော့ နယ်မြေလုံခြုံရေးဆောင်ရွက်ပေးလျက် ရှိရာမှာ ရသေ့တောင်မြို့နယ်မှာ ရဲကင်းစခန်း(၁၃)ခုတို့နဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဒုံးပိုက် ရဲကင်းစခန်းနှင့် အငူမော်ရဲကင်းစခန်းတို့မှ တပ်ဖွဲ့ဝင်တွေဟာ အောင်ဗလ၊ ဆင်ပိုက်၊ ပေါက်တောပြင်၊ သာစည်ကုန်း စတဲ့ကျေးရွာတွေမှာ လှည့်ကင်း၊ ဝပ်ကင်း၊ အရပ်ကင်းများဖြင့် နယ်မြေလုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဟာ ရခိုင်ပြည်နယ်အတွင်း ပင်လယ်ပြင်နှင့် ဆက်စပ်လျက်ရှိတဲ့ မြစ်ချောင်းဧရိယာအတွင်းမှာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိပါတယ်။

ဒါ့အပြင် မူးယစ်ဆေးဝါး၊ လက်နက်များသယ်ဆောင်မှုနှင့် လူမှောင်ခိုကူးမှုများကို ကာကွယ်တားဆီးခြင်း၊ မိမိနိုင်ငံရေကြောင်းဆိုင်ရာ အကျိုးစီးပွားနှင့် ပင်လယ်ပြင်စီးပွားရေးလုပ်ငန်းများ ကာကွယ်ခြင်း၊ ပင်လယ်ပြင်သယံဇာတ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသတွေမှာ ရှာဖွေကယ်ဆယ်ခြင်းစတဲ့ လုပ်ငန်းတာဝန်များအပြင် တရားမဝင်ငါးခိုးဖမ်းမှုတားဆီးခြင်းနှင့် ဒေသခံငါးဖမ်းရေယာဉ်များရဲ့ လုံခြုံရေးများကိုလည်း တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါတယ်။

ကမ်းဝေးငါးဖမ်းရေယာဉ်များရာသီဥတု ခိုလှုံနိုင်ရေးအတွက် ရခိုင်ကမ်းရိုးတန်းဒေသမှာ (၂)နေရာ သတ်မှတ်ခဲ့သော်လည်းပဲ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရဲ့ တင်ပြချက်အရ ရခိုင်ပြည်နယ်အတွင်းမှာ နေရာ(၅)နေရာကို တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း သိရှိရပါတယ်။ ထိုသို့ သတ်မှတ်ပေးခဲ့မှုအရ ရခိုင်ပြည်နယ်အတွင်းမှာ ငါးဖမ်းရေယာဉ်များ ရာသီဥတု ခိုလှုံရာ (၇)နေရာရှိပြီးတော့ ဒီနေရာတွေဟာ စစ်တွေမြို့နယ် မင်းဂံချောင်း၊ ကျောက်ဖြူမြို့နယ် လေပွေ့ချောင်း၊ သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်းနှင့် သပြုချိုင်၊ တောင်ကုတ်မြို့နယ် သဘော်ာဆိပ်၊ ဂွမြို့နယ် အမော်ချိုင်နှင့် ပေါက်တောမြို့နယ် ဖရုံကာကျွန်းတို့ ဖြစ်ပါတယ်။ ရသေ့တောင်မြို့နယ်၊ ဒုံးပိုက်ကျေးရွာဟာ အိမ်ခြေ (၂၄၀)လုံး၊ အိမ်ထောင်စု(၂၅၆)စု၊ လူဦးရေ(၁၃၇၃)ဦး နေထိုင်လျက် ရှိပြီးတော့ ဆိပ်ခံတံတားရှိတဲ့ အငူမော်ကျေးရွာနှင့် (၇)မိုင်ခန့်သာကွာဝေးပြီးတော့မှ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ စိစစ်တင်ပြချက်အရ ဒုံးပိုက်ရွာချောင်းမှာလည်း ဆိပ်ကမ်းတည်ဆောက်ရန် အစီအစဉ် မရှိသေးကြောင်း၊ သိရှိရပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဗိုလ်ချုပ်ကျော်ဇံမြင့် လွှတ်တော်ထဲမှာ လာဖြေတာကို ကျွန်တော်မှတ်ထားပါတယ်။ သူ ဖြေတုန်းကတော့ နိုင်ငံတကာမှာ ပြည်သူနဲ့ရဲအချိုးက (၁း၄၀၀)အရ ဆိုတာ သူပြောသွားတာကို မှတ်သားထားပါတယ်။ အခု လက်ရှိ ရန်ကုန်တိုင်းမှာ ဒုတိယဝန်ကြီးဖြေတဲ့အရ (၁း၁၂၀၀) ကျော်ဆိုတဲ့အတွက် နိုင်ငံတကာအချိုး ထက် (၃)ဆကျော် လျော့နည်းနေတဲ့ အနေအထားတွေ့ရပါတယ်။ ဒါလူဦးရေအရလည်း (၃)ဆကျော် လျော့နည်းနေတဲ့အနေအထားပါ။ ဒုတိယအချက် ကျွန်တော်တင်ပြချင်တာက ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မှာ ရှိတဲ့ နယ်ထိန်းတွေနဲ့ ကျွန်တော် စကားပြောဖူးပါတယ်။ ပြောတဲ့အခါမှာ သူတို့က ဘာညည်းတွားလည်း ဆိုတော့ ဟို လစာအခွင့်အရေး သူတို့ ညည်းတွားတာတော့ မပြောပါဘူး။ အဓိကပေါ့။ ဒီ ထောက်ပံ့တဲ့ Equipment တွေပေါ့။

ဥပမာအားဖြင့် ကျွန်တော့်လက်ထဲက ကိုင်ထားတဲ့စက်ဆိုလို့ရှိရင် သူတို့ပေးထားတဲ့စက်က ကျလိကျလိ ဖြစ်နေလို့တဲ့။ ကျွန်တော့်လခနဲ့စိုက်ပြီးတော့ စက်အကောင်းဝယ်ထားရတယ်။ နောက် ပေးထားတာကလည်း စက်ဘီးလေးချောက်ချက်၊ ချောက်ချက်ပဲ ပေးထားတယ်ပေါ့။ ရဲတပ်ဖွဲ့ အင်အားက နည်းတယ်၊ ကျွန်တော်တို့တာဝန်ယူထားတဲ့နယ်ကကြီးတယ်။ တစ်နေရာကနေတစ်နေရာ ဖြစ်ပြီဆိုလို့ရှိရင် ကျွန်တော့်မှ စက်ဘီးလေးချောက်ချက်၊ ချောက်ချက်နဲ့ သွားနေရတယ်။ သူတို့ကတော့ စက်နဲ့ပေါက် ပြီးတော့၊ မရောက်သေးဘူးလား၊ မရောက်သေးဘူးလား ဆိုပြီးတော့ စက်ထဲမှာ အော်ဟစ်ကြိမ်းမောင်း နေတယ်ပေါ့နော်။ အဲဒီတော့ သူတို့လုပ်ရတဲ့၊ ကိုင်ရတဲ့အခါမှာလည်း Equipment တွေမရှိတဲ့အတွက် ခက်ခဲနေတာလည်း သူတို့ညည်းပါတယ်။ အဲဒီတော့ ဆိုလိုတဲ့သဘောက ရဲတပ်ဖွဲ့က လူဦးရေအားဖြင့် လည်း လျော့နည်းနေပါပြီ။ ရန်ကုန်တိုင်းမှာနောက် Equipment နဲ့ပတ်သက်လို့ကလည်း ရဲတွေက တော်တော်ကြီးကို မပြည့်မစုံဖြစ်နေရတာပါ။ စက်ဘီးလေး ချောက်ချက်ချောက်ချက်နဲ့ သွားနေရတဲ့ အဆင့်မျိုးပေါ့နော်။

အဲဒီတော့ လူအင်အားတိုးဖို့ဆိုတာ အခုနက ဒုတိယဝန်ကြီးဖြေတဲ့အထဲမှာ အထူးထောက်ပံ့ ကြေးပေးရတော့မှာပါ။ အထူးထောက်ပံ့ကြေးတင်ပြပြီးလို့ရှိရင် ထောက်ပံ့ကြေးအနေနဲ့ မက်လုံးပေးပြီး

တော့ ရဲတပ်ဖွဲ့အင်အားတိုးရမှာပါ။ နောက်ကျွန်တော်တို့ Equipment နဲ့ပတ်သက်လို့ ကလည်း သက်ဆိုင်ရာ မြို့နယ်မှာတော့ ဆိုင်ကယ်ကို ပေးစီးရတော့မှာပါ။ စက်ဘီးလေးချောက်ချက်၊ ချောက်ချက်နဲ့ သွားဖို့ကလည်း ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။ အဲဒီတော့ ရန်ကုန်မြို့လုံခြုံရေး အတွက်ကတော့ လက်ရှိ အင်အားအဆင့်ကတော့ တိုးဖို့ရာ ဘယ်လိုအစီအစဉ် ရှိပါသလဲ။ အမြန်ဆုံး လိုအပ်နေပါပြီ။ နောက် Equipment တွေ ပေးဖို့လည်း အစီအစဉ် ရှိ/မရှိ ကိုလည်း တစ်ဆက်တည်း တင်ပြအပ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာရဲ့ ရဲတပ်ဖွဲ့ဝင်နဲ့ ပြည်သူအချိုးဟာ (၁း၄၀၀) နိုင်ငံတကာစံနှုန်း သတ်မှတ်ထားတယ်ဆိုတာ မှန်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ လက်ရှိဖွဲ့စည်းပုံနဲ့ လက်ရှိအင်အား အချိုးအရတော့ တိုင်းနဲ့ပြည်နယ် တစ်ခုနဲ့တစ်ခု မတူပါဘူး။ ရန်ကုန်တိုင်းမှာဆိုလို့ရှိရင် (၁း၁၂၂၈) ရှိတယ်ဆိုတာ စောစောက ကျွန်တော်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် တင်ပြတဲ့အထဲမှာလည်း ပါပါတယ်။ ဒီတပ်ဖွဲ့ဝင်တွေကို လူဦးရေအရေအတွက်၊ အင်အားအရေအတွက် တိုးဖို့ဆိုတာ နေ့ချင်းညချင်းဆောင်ရွက်လို့မရပါဘူး။ ဒီတပ်ဖွဲ့ဝင်တွေထဲမှာ တကယ့်စိတ်ပါဝင်စားမှုရှိတဲ့ လူတွေ ဒီလိုလူမျိုးတွေကို ကျွန်တော်တို့က အဆင့်ဆင့်ရွေးချယ်ပြီးတော့မှ အရာရှိတစ်ယောက် ဖြစ်ဖို့ဆိုရင်(၁)နှစ်လောက်၊ ဒုရဲအုပ်တစ်ယောက်ဖြစ်ဖို့ဆိုရင် (၁)နှစ်လောက် အချိန်ယူရပါတယ်။ တပ်သားသစ်တစ်ဦး ဖြစ်ဖို့ဆိုရင် (၆)လ အချိန်ယူရပါတယ်။

အဲဒီတော့ ဒီကာလအတွင်းမှာ ကျွန်တော့်တို့အနေနဲ့မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို တိုးချဲ့ပြုပြင်၊ ပြောင်းလဲဖွဲ့စည်းခြင်း ဆိုတဲ့နေရာမှာတိုးချဲ့ခြင်းအနေနဲ့ ဒီလေ့ကျင့်ရေးသင်တန်းကျောင်းတွေကိုလည်း တိုးချဲ့ပြီးတော့ ဒီအစိုးရသစ်လက်ထက်မှာ တည်ဆောက်ခဲ့ပါတယ်။ ဘဏ္ဍာငွေ၊ ရန်ပုံငွေတွေလည်း ရရှိပြီးတော့ ဒါတွေဟာ ဆောင်ရွက်နေတဲ့အနေအထား ဖြစ်ပါတယ်။ ဒါကြောင့်မို့ သင်တန်းကျောင်းတွေကို တိုးချဲ့ပြီးတော့မှ တပ်သားသစ်သင်တန်းတွေ လိုအပ်ချက်ပြည့်မီအောင် ဆောင်ရွက်ပေးနိုင်ဖို့လည်း ဒါဆက်လက်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ထိုနည်းတူပဲ ဒုရဲအုပ်လောင်း သင်တန်းတွေကိုလည်း တစ်နှစ်မှာသင်တန်း၊ အမျိုးသမီးသင်တန်း အပါအဝင် (၃)ခုဖွင့်လှစ်ပြီးတော့မှ ဒါတွေကို ဖြည့်ဆည်းနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ အဓိက ကျွန်တော်တင်ပြချင်တဲ့အချက်ကတော့ ဒီလိုတပ်ဖွဲ့ဝင်အင်အား တိုးချဲ့ဖို့က ဝင်ချင်တဲ့၊ ဆန္ဒရှိတဲ့သူ မည်မျှပဲရှိနေစေကာမူ လိုအပ်တဲ့ အရည်အချင်းတွေ၊ သူ့သတ်မှတ်ချက်တွေ၊ ဥပဒေကြောင်းဆိုင်ရာ နားလည်မှုတွေ ဒါတွေကိုသင်ကြားပေးပြီးတော့မှ၊ ဒီအင်အားတွေကိုတိုးမြှင့်ရတာ ဖြစ်တဲ့အတွက် အချိန်ကာလတစ်ခုအထိ စောင့်ပြီးတော့မှ ဖြည့်ဆည်းသွားနိုင်မှာ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

နောက်တစ်ခုက ဒီ Equipment တွေနဲ့ပတ်သက်ပြီးလို့ ထုတ်ပေးနိုင်မှု ရှိ/မရှိ ဆိုတာ အခုလက်ရှိအခြေအနေမှာတော့ ယခင်ကထက်စာလို့ရှိရင်တော့ ကျွန်တော်တို့ထောက်ပံ့မှုတွေ ပိုပြီးတော့ ပေးနိုင်ပါတယ်။ ကျွန်တော် စောစောကပြောသလို ဝတ်စုံစရိတ်ဆိုလို့ရှိရင် အရာရှိတပ်ဖွဲ့ဝင် သင်တန်းသားတစ်ဦးကို (၇)သောင်းကျော်၊ အခြားအဆင့်တပ်ဖွဲ့ဝင် သင်တန်းသားတစ်ဦးကို (၆)သောင်းကျော် နဲ့ စာရေးဝန်ထမ်းတစ်ဦးကို(၃)သောင်းကျော် ဒါပေးနိုင်ပါတယ်။ ဒီအမှုစုံစမ်းခြင်းအတွက် ခရီးစရိတ်ဆိုလျှင်လည်း တစ်မှုကို (၅၀၀၀)စသည်အားဖြင့် တစ်ရက်ကို ဒီလိုပေးနိုင်ပါတယ်။ နောက်တရားခံ ဖမ်းဆီးပြီးတော့ သယ်ယူပို့ဆောင်ခဆိုတာ ဒါ ယခင်တုန်းက မပေးနိုင်ပါဘူး။ အခုကျမှ

ကျွန်တော်တို့က ခေါင်းစဥ်သီးခြားဖွင့်ပြီးတော့မှ အမှုကြီး(၁၀)မျိုးအတွက် တစ်မှုကို(၅)သောင်း၊ အမှု (၇)မျိုးအတွက် တစ်မှုကို(၃)သောင်း၊ ကြိုတင်ကာကွယ်မှု(၁၀)မှု၊ တစ်မှုကို (၁)သောင်းနှုန်း ဒါတွေကို လည်း ပေးခဲ့ပါတယ်။

ဒါ့အပြင် စက်သုံးဆီတို့၊ တယ်လီဖုန်းတို့၊ ဓာတ်အားခတို့၊ အချုပ်သားထမင်းကျွေးစရိတ်၊ တိရစ္ဆာန်ဆေးဝါး၊ ယာဥ်စက်ကိရိယာ၊ ယာဥ်ပြင်ဆင်စရိတ် စတဲ့ဒီဟာတွေအားလုံးကိုပေးခဲ့ပါတယ်။ အနည်းဆုံးပေ့ါ၊ မြို့မ ရဲစခန်းတစ်ခုရဲ့ခံစားနေမှုဟာ လစဥ်မှာဆိုလို့ရှိရင် ပျမ်းမျှခြင်းအနေနဲ့ ဘာလို့လဲ ဆိုတော့ အချုပ်သားထမင်းကျွေးစရိတ်ဆိုတာ အချုပ်သားအနည်းအများပေါ် မူတည်ပြီးတော့မှ ဒီဟာတွေ ရမယ်။ နောက် အမှုလိုက်စရိတ် ဆိုတာ အမှုအနည်း အများပေါ် မူတည်ပြီး ရမယ်။ ကျွန်တော်တို့အနေနဲ့ စုစုပေါင်း တစ်လကို မြို့မရဲစခန်း တစ်ခုဆိုရင် (၇၂၅၀၀၀) လောက် ဒါ ပျမ်းမျှကြေး ပေးထားပါတယ်။ စောစောကပြောတဲ့ ဒါ Equipment တွေ၊ ဘာတွေနဲ့ ပတ်သက်ပြီးတော့ကတော့ ဒါ အဓိကရုဏ်း နှိမ်နင်းရေး ဝတ်စုံတွေကတော့ ဒါကျွန်တော်တို့ ဘတ်ဂျက်ကနေရယူပြီးတော့မှ ဝယ်ယူဖြည့်တင်းပြီးတော့ ထုတ်ပေးဝတ်ဆင်နေတာတွေလည်း ဆက်လက်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ကျွန်တော် တို့ကို အကူအညီပေးနေတဲ့ အဖွဲ့အစည်းတွေက ထုတ်ပေးတဲ့ ပစ္စည်းကိရိယာတွေကိုလည်း ဝယ်ယူ တပ်ဆင်ပြီးတော့မှ သုံးစွဲလျက် ရှိကြောင်း ကျွန်တော့်အနေနဲ့ ပြန်လည်တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၂၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၄။**

**ဦးစိုင်းတင်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယစိတ္တ၊ သုခနှစ်ဖြာနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်း မေတ္တာပို့အပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီ အဖွဲ့ဝင် ဦးစိုင်းတင်အောင် ပဲ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေ ကြမ်းကော်မတီရဲ့ မြန်မာနိုင်ငံ သူနာပြု သားဖွားကောင်စီဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံ စာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါ တယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅- ၃၅<br>
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ လ ၂၃ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ၂၇-၁၁-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းနေ့တွင်ပင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်သက်မြင့် က အကြံပြုဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာမှုပြုလုပ်ရန် လွှတ်တော်ဥက္ကဋ္ဌက ညွှန်ကြားခဲ့သဖြင့် အကြံပြုဆွေးနွေးခဲ့သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဥပဒေကြမ်းကော်မတီ သည် ၂၀-၁-၂၀၁၅ ရက်နေ့တွင် အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါအတိုင်း ညှိနှိုင်း သဘောတူညီမှုရရှိခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွား ကောင်စီ ဥပဒေကြမ်းကို ပြန်လည်လေ့လာစိစစ်ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ်ခွဲငယ်(၁)တွင် ဖော်ပြထားသော ကျန်းမာရေး ဝန်ကြီးဌာနကဖြစ်စေ၊ ကျန်းမာရေးဝန်ကြီးဌာနကခွင့်ပြုသော အဖွဲ့အစည်းက ဖြစ်စေဖွင့်လှစ်သင်ကြားပြီး ကောင်စီကအသိအမှတ်ပြုထားသည့် အရည်အချင်း ပြည့်မီသော ကျောင်း၊ သင်တန်းကျောင်း၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီကောလိပ်

သို့မဟုတ် တက္ကသိုလ် ဆိုသည့်စကားရပ်ကို အမျိုးသားပညာရေးဥပဒေနှင့် ညီညွတ်မှုရှိစေရန် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသည့် ဝန်ကြီးဌာနများကဖြစ်စေ၊ ယင်းဝန်ကြီးဌာနများက ခွင့်ပြုသော အဖွဲ့အစည်းကဖြစ်စေ ဖွင့်လှစ်သင်ကြားပြီး ကောင်စီက အသိအမှတ်ပြုထားသည့် အရည်အချင်းပြည့်မီသော ကျောင်း၊ သင်တန်းကျောင်း၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီကောလိပ် သို့မဟုတ် တက္ကသိုလ် ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

( ခ ) မူလဥပဒေကြမ်း အပိုဒ် ၉၊ အပိုဒ်ခွဲ(ဃ)တွင်ဖော်ပြထားသော ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန် လွှဲပြောင်းပြီးသည့်အထိ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရမည် ဆိုသည့်စကားရပ်ကို အဓိပ္ပာယ်တိကျမှုရှိစေရန် ကောင်စီသက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီဖြစ်မြောက်ရေး ကော်မတီသည် ကောင်စီအသစ်ကို ဖွဲ့စည်းရမည်။ ကောင်စီသည် ကောင်စီအသစ်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်လွှဲပြောင်းပြီးသည့်အထိ တာဝန်ထမ်းဆောင်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၅ ကို အပိုဒ် ၁၅၊ အပိုဒ်ခွဲ(က)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော ကောင်စီက ပုဒ်မ ၁၃၊ အပိုဒ်ခွဲ(ဂ)အရ ဆိုသည့်စကားရပ်ကို ကောင်စီက ပုဒ်မ ၁၃ အရ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

( ဂ ) မူလဥပဒေကြမ်း အပိုဒ် ၂၆ ကို အပိုဒ် ၂၂၊ အပိုဒ်ခွဲ(က)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် သက်တမ်း ကုန်ဆုံးပြီးနောက် သူနာပြုအတတ် ပညာဖြင့်ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့်ဖြစ်စေ၊ သူနာပြုသားဖွား အတတ်ပညာဖြင့်ဖြစ်စေ ဆက်လက်လုပ်ကိုင်လိုပါကထိုသက်တမ်းမကုန်ဆုံးမီအနည်းဆုံးရက်ပေါင်း(၆၀) ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် ဆိုသည့် စကားရပ်ကို လျှောက်ထားရန် လုံလောက်သော အချိန်ကာလရရှိနိုင်ရန်အတွက် သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် သက်တမ်း ကုန်ဆုံးပြီးနောက် သူနာပြုအတတ်ပညာဖြင့်ဖြစ်စေ၊ သားဖွားအတတ် ပညာဖြင့်ဖြစ်စေ၊ သူနာပြုသားဖွားအတတ် ပညာဖြင့်ဖြစ်စေ ဆက်လက်လုပ်ကိုင်လိုပါက အဆိုပါသက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း (၆၀) အတွင်း သက်တမ်းတိုးမြှင့်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) မူလဥပဒေကြမ်း အပိုဒ် ၃၂၊ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၂၇ အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန် ယင်းတွင်ဖော်ပြထားသော ဆီလျော်သမျှ ဆိုသည့်စကားရပ်ကို ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

( င ) မူလဥပဒေကြမ်း အပိုဒ် ၄၆ ကို အပိုဒ် ၃၉ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော မည်သူမဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု

ထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရ မည့်အပြင် အနည်းဆုံးကျပ်သိန်း (၅၀) မှ အများဆုံး ကျပ်သိန်း (၁၀၀)အထိငွေဒဏ်ချမှတ်ရမည်ဆိုသည့်စကားရပ်ကို မျှတသောပြစ်ဒဏ် သတ်မှတ်ပြဋ္ဌာန်းနိုင်ရန်အတွက် မည်သူမဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သိန်း (၅၀) မှ အများဆုံး ကျပ်သိန်း(၁၀၀) အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး အောင်သက်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေ ရေးရာကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ထပ်မံပြင်ဆင်ဖြည့်စွက် ထားခြင်းဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့်အတူ အမျိုးသား လွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ။** ။ အနီးကြည့်မျက်မှန် မပြောင်းခင် ဦးဟာရှိန်းဘွေ အား သတိပေးအုန်းမှ ဖြစ်မှာ။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေ

( ၂၀၁၅ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဥ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဥ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁)၊ အပိုဒ် ၂(ဇ)(ဍ)(၁)၊

၂။ (ဇ) လိုင်စင်ဆိုသည်မှာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီက ဤဥပဒေအရ ထုတ်ပေးသော သူနာပြုလိုင်စင်၊ သားဖွားလိုင်စင်နှင့် သူနာပြုသားဖွားလိုင်စင် တို့ကိုဆိုသည်။

(ဍ)(၁) ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသည့် ဝန်ကြီးဌာနများကဖြစ်စေ၊ ယင်းဝန်ကြီးဌာနများက ခွင့်ပြုသော အဖွဲ့အစည်းကဖြစ်စေ ဖွင့်လှစ်သင်ကြားပြီး ကောင်စီက အသိအမှတ်ပြုထားသည့် အရည်အချင်း ပြည့်မီသောကျောင်း၊ သင်တန်းကျောင်း၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီ ကောလိပ် သို့မဟုတ် တက္ကသိုလ်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ဇ) (ဍ)(၁) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ဇ)(ဍ)(၁) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၂)၊ အပိုဒ် ၃(စ)၊

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(စ) သူနာပြုနှင့် သားဖွားများ၏ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ အကာအကွယ် ပေးနိုင်ရန်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(စ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ်၃(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၃)၊ အပိုဒ် ၄၊ အပိုဒ် ၅(က)(၄)(၇)(၈)(၉)(၁၀)(၁၁)၊

အပိုဒ် ၆၊ အပိုဒ် ၇(က)၊ အပိုဒ် ၈၊ အပိုဒ် ၉(ဂ)(ဃ)၊

အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၁(ဂ)(စ)၊

၄။ ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ဖွဲ့စည်းနိုင်ရေးအတွက် ကျန်းမာရေးနှင့်ဆိုင်သော အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သူနာပြုနှင့် သားဖွားကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဖြစ်မြောက်ရေး ကော်မတီကို ဖွဲ့စည်း တာဝန်ပေးအပ်ရမည်။

၅။ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွား ကောင်စီ ဖြစ်မြောက်ရေး ကော်မတီသည်-

(က) အောက်ဖော်ပြပါ သူနာပြု၊ သားဖွားနှင့် သူနာပြု သားဖွားကိုယ်စားလှယ်များ၏ အမည်စာရင်းကို တောင်းခံပြီး ပဏာမကောင်စီဝင်များအဖြစ် ရွေးချယ် လျာထားရမည် -

(၄) သူနာပြုတက္ကသိုလ်များမှ ကိုယ်စားလှယ်(၂)ဦး ဟု ပြင်ဆင်ထားပါတယ်။

(၇) သူနာပြုသားဖွား အတတ်ပညာ သင်တန်းကျောင်းများမှ ကိုယ်စားလှယ် (၁၄)ဦး ဟု ဖြည့်စွက်ထားပါတယ်။

(၈) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လိုင်စင်ရ သူနာပြု၊ သားဖွား သို့မဟုတ် သူနာပြုသားဖွားများက မိမိတို့အနက်မှ

ရွေးချယ်တင်မြှောက်ခြင်း ခံရသောသူနာပြုသားဖွားကိုယ်စားလှယ် တစ်ဦးစီ (၁၅)ဦး

( ၉ ) မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းမှ ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားလှယ် (၁)ဦး

(၁၀) ပုဂ္ဂလိက ဆေးရုံ ဆေးခန်းများမှ သူနာပြု သို့မဟုတ် သူနာပြုသားဖွား ကိုယ်စားလှယ်(၈)ဦး

(၁၁) အငြိမ်းစား သူနာပြု၊ သားဖွား သို့မဟုတ် သူနာပြုသားဖွားများက မိမိတို့ အနက်မှ ရွေးချယ်တင်မြှောက်ခြင်းခံရသော အငြိမ်းစား ကိုယ်စားလှယ် (၁၄)ဦး

၆။ ကျန်းမာရေးဝန်ကြီးဌာနသည် ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) အရ တင်ပြသော ကောင်စီဥက္ကဋ္ဌ ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင်များ ပါဝင်သည့် စုစုပေါင်း (၆၀) ဦးထက်မပိုသော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို အမိန့် ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းရမည်။

၇။ ကောင်စီသည် -

(က) ကောင်စီဝင် တစ်ဦးဦးအား ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ပေး အပ်ရမည်။

၈။ ကောင်စီသည် ကောင်စီအတွင်းရေးမှူးအား မှတ်ပုံတင်အရာရှိ အဖြစ် တာဝန်ပေးအပ် ရမည်။

၉။ ( ဂ ) ကောင်စီဝင် တစ်ဦးဦးသည် ကောင်စီဝင်ရာထူး သက်တမ်း တစ်ဆက်တည်း နှစ်ကြိမ် အထိသာ ဆောင်ရွက်နိုင်ခွင့် ရှိသည်။

(ဃ) ကောင်စီ သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီ ဖြစ်မြောက်ရေး ကော်မတီသည် ကောင်စီအသစ်ကို ဖွဲ့စည်းရမည်။ ကောင်စီသည် ကောင်စီအသစ်ဖွဲ့စည်းပြီး လုပ်ငန်း တာဝန်လွှဲပြောင်းပြီးသည်အထိ တာဝန်ထမ်းဆောင်ရမည်။

၁၀။ ကောင်စီဝင် တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ-

(က) ကျန်းမာရေးဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းက တာဝန် ပေးအပ်သည့် ကောင်စီဝင်နေရာမှာ သူနာပြု၊ သားဖွား သို့မဟုတ် သူနာပြု သားဖွား ဖြစ်လျှင် ယင်းဌာန၊ အဖွဲ့အစည်းက ထိုလစ်လပ်သည့် နေရာအတွက် အစားထိုး တာဝန် ပေးအပ်ရမည်။

( ခ ) ပြည်ထောင်စု နယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ လိုင်စင်ရ သူနာပြု၊ သားဖွား သို့မဟုတ် သူနာပြု သားဖွားများက မိမိတို့အနက်မှ ရွေးချယ် တင်မြှောက် သည့် နေရာဖြစ်လျှင် ယင်းတို့က ထိုလစ်လပ်သည့်နေရာအတိုင်း အစားထိုး ရွေးချယ် တင်မြှောက်ရမည်။

၁၁။ အောက်ပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာသည့်အခါ ကောင်စီဝင်အဖြစ်မှ ရပ်စဲစေရမည်-

(ဂ) ကောင်စီသို့ ခွင့်ပန်ကြားခြင်းမရှိဘဲ အစည်းအဝေးသို့တက်ရောက်ရန် တစ်ဆက်တည်း (၃) ကြိမ်ဆက်တိုက် ခွင့်မဲ့ပျက်ကွက်ခြင်း၊

(စ) ကျင့်ဝတ်သိက္ခာပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄၊ အပိုဒ် ၅(က)(၄)(၇)(၈)(၉)(၁၀)(၁၁)၊ အပိုဒ် ၆၊ အပိုဒ် ၇(က)၊ အပိုဒ် ၈၊ အပိုဒ် ၉(ဂ)(ဃ)၊ အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၁(ဂ)(စ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄၊ အပိုဒ် ၅(က)(၄)(၇)(၈)(၉)(၁၀)(၁၁)၊ အပိုဒ် ၆၊ အပိုဒ် ၇(က)၊ အပိုဒ် ၈၊ အပိုဒ် ၉(ဂ)(ဃ)၊ အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၁(ဂ)(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၄)၊ အပိုဒ် ၁၃(ခ)(ဂ)(စ)(ည)(ဋ)

၁၃။ ကောင်စီသည် ဤဥပဒေတွင် သီးခြားသတ်မှတ် ပြဋ္ဌာန်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များအပြင် အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက် ပိုင်ခွင့်ရှိသည်-

(ခ) ပြည်ပရှိ သူနာပြုသားဖွား အတတ်ပညာသင်ကျောင်း တစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို အသိအမှတ်ပြုရေးအတွက် အရည်အချင်း စစ်ဆေးရန် ကင်းလွတ်ခွင့်ပေးခြင်း၊

(ဂ) ပြည်တွင်း၊ ပြည်ပရှိသူနာပြုသားဖွား အတတ်ပညာသင် ကျောင်းတစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို အရည်အချင်းစစ်ဆေးရန် ကင်းလွတ်ခွင့်ပြုထားခြင်းမရှိပါက အရည်အချင်းစစ်ဆေးပြီး အသိအမှတ်ပြုခြင်း သို့မဟုတ် အသိအမှတ် ပြုရန် ငြင်းပယ်ခြင်း၊

(စ) နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများ၏ သူနာပြုစုစောင့်ရှောက်မှု အဆင့်အတန်း ထိန်းသိမ်း မြှင့်တင်ရေးအတွက် လိုအပ်သော အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်၍ အခါအားလျော်စွာ ဆန်းစစ် အကဲဖြတ်ခြင်း၊

(ည) သူနာပြုနှင့် သားဖွားဆိုင်ရာ အကျိုးပြုမည့် လုပ်ငန်းကိစ္စရပ်များကို ပြည်တွင်း ပြည်ပရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ် ပူးပေါင်းဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) အစိုးရဆေးရုံ၊ ဆေးခန်းများနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သူနာပြု၊ သားဖွားနှင့် သူနာပြုသားဖွားများအတွက် ယင်းတို့၏ ကျွမ်းကျင်မှုနှင့် ရာထူးအဆင့်အလိုက် သူနာပြုနှင့်သားဖွားတို့၏ ဝတ်စုံနှင့် အဆောင်အယောင်တို့ကို သတ်မှတ်ပေးခြင်း၊ အတည်ပြုချက်ပေးခြင်းနှင့် အသိအမှတ်ပြုခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၃ (ခ)(ဂ)(စ)(ည)(ဋ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ်၁၃(ခ)(ဂ)(စ)(ည)(ဋ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၅)၊ အပိုဒ် ၁၄(က)(၃)(ခ)(၁)(၂)

၁၄။ ကောင်စီသည် -

(က) မိမိ၏လုပ်ငန်းတာဝန်များကို ကောင်စီကိုယ်စား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အဖွဲ့ဝင်(၁၅)ဦးထက်မပိုသော အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်-

(၃) ကောင်စီဝင်များ၊ အဖွဲ့ဝင်များ

(ခ) (၁) သူနာပြုသားဖွား အတတ်ပညာနှင့် လုပ်ငန်းအဆင့်အတန်း စံချိန်စံညွှန်း သတ်မှတ်ရေး လုပ်ငန်းကော်မတီ၊

(၂) သူနာပြုသားဖွားပညာရေးနှင့် လုပ်ငန်းအရည်အသွေးအာမခံမှု အကဲဖြတ်ရေးလုပ်ငန်းကော်မတီဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၄ (က)(၃)(ခ)(၁)(၂) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၄ (က)(၃)(ခ)(၁)(၂) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၆)၊ အပိုဒ် ၁၅(က)(ခ)၊ အပိုဒ် ၁၆(က)(ခ)၊ အပိုဒ် ၁၇

၁၅။ (က) ကောင်စီက ပုဒ်မ ၁၃ အရ အသိအမှတ်ပြုသော ပြည်တွင်းရှိ သူနာပြုသားဖွား အတတ်ပညာသင် ကျောင်းတစ်ခုခုကအပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိသူသည် သူနာပြုအဖြစ် သော်လည်းကောင်း၊ သားဖွားအဖြစ်သော်လည်းကောင်း၊ သူနာပြုသားဖွားအဖြစ် သော်လည်းကောင်း မှတ်ပုံတင်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ(က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်းစစ်ဆေးမှုပြုလုပ်၍ မှတ်ပုံတင်ရန်ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၁၆။ (က) ကောင်စီက ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)နှင့် (ဂ)တို့အရ အသိအမှတ်ပြုသော ပြည်ပရှိ သူနာပြု သားဖွားအတတ်ပညာသင် ကျောင်းတစ်ခုခုကအပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိသူသည် သူနာပြုအဖြစ် သော်လည်းကောင်း၊ သားဖွားအဖြစ်သော်လည်းကောင်း၊ သူနာပြု သားဖွားအဖြစ် သော်လည်းကောင်း မှတ်ပုံတင်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ(က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်း စစ်ဆေးမှုပြုလုပ်၍ မှတ်ပုံတင်ရန်ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်

ခြင်း ပြုနိုင်သည်။ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင် လက်မှတ်ထုတ်ပေးရမည်။

၁၇။ မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း၊ မှတ်ပုံတင်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ ကာလ သတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ဆုံးဖြတ်ချက် ချမှတ်ခြင်း ခံရသူသည် သတ်မှတ်ထားသော လိုအပ်ချက်များနှင့်အညီ မှတ်ပုံတင်ပေးရန် ပြန်လည် လျှောက်ထားခြင်း၊ စိစစ် ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းတို့နှင့် စပ်လျဉ်း၍ ပုဒ်မ ၁၅ နှင့် ၁၆ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၅(က) (ခ)၊ အပိုဒ် ၁၆(က)(ခ)၊ အပိုဒ် ၁၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၅ (က)(ခ)၊ အပိုဒ် ၁၆(က)(ခ)၊ အပိုဒ် ၁၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၇)၊ အပိုဒ် ၁၈(က)(ခ)၊ အပိုဒ် ၁၉(က)(ခ)၊

အပိုဒ် ၂၀(က)(ခ)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂(က)(ခ)

၁၈။ (က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ)အရ မှတ်ပုံတင်လက်မှတ် ရရှိသူသည် သူနာပြု အတတ်ပညာ ဖြင့်ဖြစ်စေ၊ သားဖွားအတတ်ပညာ ဖြင့်ဖြစ်စေ၊ သူနာပြုသားဖွား အတတ်ပညာဖြင့် ဖြစ်စေ လုပ်ကိုင်လိုပါက သက်ဆိုင်ရာ လိုင်စင်တစ်ခုခု ထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ကောင်စီသည် ပုဒ်မ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ လိုင်စင် ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ သက်ဆိုင်ရာ လိုင်စင်တစ်ခုခု ထုတ်ပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

၁၉။ (က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်လက်မှတ် ရရှိသော နိုင်ငံသားသည် သူနာပြု အတတ်ပညာဖြင့် ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့် ဖြစ်စေ၊ သူနာပြု သားဖွား

အတတ်ပညာဖြင့်ဖြစ်စေ လုပ်ကိုင်လိုပါက လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် တစ်ခုခုကိုထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က) အရ လျှောက်ထားချက်ကို စိစစ်ပြီး ကန့်သတ်လိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ကန့်သတ်လိုင်စင် ထုတ်ပေးရန်ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ သက်ဆိုင်ရာ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် တစ်ခုခုကို ထုတ်ပေးရမည်ဟု ဖြည့်စွက်ထားပါတယ်။

၂၀။ (က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ) အရ မှတ်ပုံတင်လက်မှတ် ရရှိသော နိုင်ငံခြားသားသည် သူနာပြု အတတ်ပညာဖြင့် ဖြစ်စေ၊ သားဖွား အတတ်ပညာဖြင့် ဖြစ်စေ၊ သူနာပြု သားဖွား အတတ်ပညာဖြင့် ဖြစ်စေ လုပ်ကိုင်လိုပါက သက်ဆိုင်ရာ ကန့်သတ်လိုင်စင် တစ်ခုခုကို ထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားရမည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး ကန့်သတ်လိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ကန့်သတ်လိုင်စင်ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေး ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များသတ်မှတ်၍ သက်ဆိုင်ရာ ကန့်သတ်လိုင်စင် တစ်ခုခုကို ထုတ်ပေးရမည်။

၂၁။ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ဆုံးဖြတ်ချက် ချမှတ်ခြင်းခံရသူသည် သတ်မှတ်ထားသော လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်၍ လိုင်စင်ကို ပြန်လည်ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားခြင်း၊ စိစစ်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း တို့နှင့် စပ်လျဉ်း၍ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ နှင့် ၂၀ တို့ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

၂၂။ (က) သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် သူနာပြုအတတ်ပညာဖြင့် ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့် ဖြစ်စေ၊ သူနာပြုသားဖွား အတတ်ပညာဖြင့် ဖြစ်စေ ဆက်လက်လုပ်ကိုင်လိုပါက အဆိုပါသက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း(၆၀)အတွင်း သက်တမ်းတိုးမြှင့်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များ နှင့် အညီ လျှောက်ထားရမည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်သက်တမ်း တိုးမြှင့်ကြေးကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ကန့်သတ် လိုင်စင် ထုတ်ပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၈ (က)(ခ)၊ အပိုဒ် ၁၉(က)(ခ)၊ အပိုဒ် ၂၀(က)(ခ)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂(က)(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၈(က)(ခ)၊ အပိုဒ် ၁၉ (က)(ခ)၊ အပိုဒ် ၂၀(က)(ခ)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၄(ဂ)(င)(စ)(ဆ)၊

အခန်း(၈)

သူနာပြုလိုင်စင်ရရှိသူ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၂၄။ သူနာပြုလိုင်စင်ရရှိသူသည် -

(ဂ) သူနာပြုအဖြစ် မှတ်ပုံတင်ပြီးနောက်ဖြစ်စေ၊ သူနာပြုလိုင်စင် ရရှိပြီးနောက်ဖြစ်စေ၊ ပြည်တွင်းမှသော်လည်းကောင်း၊ ပြည်ပမှသော်လည်းကောင်း၊ သူနာပြုနှင့်စပ်လျဉ်း၍ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ် စသည်တို့ကို ထပ်ဆင့်ရရှိသည့်အခါ ကောင်စီသို့ မှတ်တမ်းတင်ပေးရန် တင်ပြရမည်။

(င) ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ဝတ်စုံနှင့် အဆောင် အယောင်များကို သုံးစွဲ ခွင့်ရှိသည်။

(စ) သူနာပြုလိုင်စင်ကို ဤဥပဒေအရ ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်ရပ်အရ လည်းကောင်း၊ ထိုဆုံးဖြတ်ချက်ကို အယူခံပါက ကျန်းမာရေးဝန်ကြီး ဌာန၏ အယူခံဆုံးဖြတ်ချက်အရ လည်းကောင်း ပယ်ဖျက်ခြင်းခံရလျှင် အဆိုပါ သူနာပြုလိုင်စင်ကို ဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း(၆၀)အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည်။

(ဆ) သူနာပြုလိုင်စင်နှင့် စပ်လျဉ်း၍ ကောင်စီက ပုဒ်မ ၂၈ အရ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်ရပ် ချမှတ်ပါက ထိုဆုံးဖြတ်ချက်ကို ဤဥပဒေ အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်နှင့် အညီ အယူခံခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊အခန်းခေါင်းစဉ်၊ အပိုဒ် ၂၄(ဂ)(င)(စ)(ဆ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၂၄(ဂ)(င)(စ)(ဆ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၅(ဂ)(စ)(ဆ)(ဇ)၊

အခန်း(၉)

သားဖွားလိုင်စင် ရရှိသူ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၂၅။ သားဖွားလိုင်စင်ရရှိသူသည် -

(ဂ) သားဖွားအဖြစ် မှတ်ပုံတင်ပြီးနောက်ဖြစ်စေ၊ သားဖွားလိုင်စင် ရရှိပြီးနောက်ဖြစ်စေ ပြည်တွင်းမှသော်လည်းကောင်း၊ ပြည်ပမှ သော်လည်းကောင်း၊ သားဖွားနှင့်စပ်လျဉ်း၍ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်စသည်တို့ကို ထပ်ဆင့်ရရှိသည့်အခါ ကောင်စီသို့ မှတ်တမ်း တင်ပေးရန် တင်ပြရမည်။

(စ) ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ဝတ်စုံနှင့် အဆောင်အယောင်များကို သုံးစွဲခွင့် ရှိသည်။

(ဆ) သားဖွားလိုင်စင်ကို ဤဥပဒေအရ ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်ရပ်အရ လည်းကောင်း၊ ထိုဆုံးဖြတ်ချက်ကို အယူခံပါက ကျန်းမာရေးဝန်ကြီး ဌာန၏ အယူခံဆုံးဖြတ်ချက်အရ လည်းကောင်း ပယ်ဖျက်ခြင်းခံရလျှင် အဆိုပါ သားဖွား လိုင်စင်ကို ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း(၆၀)အတွင်း ကောင်စီသို့ ပြန်လည် အပ်နှံရမည်။

(ဇ) သားဖွားလိုင်စင်နှင့် စပ်လျဉ်း၍ ကောင်စီက ပုဒ်မ ၂၈ အရ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်ရပ်ချမှတ်ပါက ထိုဆုံးဖြတ်ချက်ကို ဤဥပဒေ အခန်း(၁၃)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အယူခံခွင့် ရှိသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၅(ဂ)(စ)(ဆ)(ဇ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၂၅(ဂ)(စ) (ဆ)(ဇ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၀)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၆(ဂ)(င)(စ)(ဆ)၊

အခန်း(၁၀)

သူနာပြုသားဖွား လိုင်စင်ရရှိသူ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၂၆။ သူနာပြု သားဖွား လိုင်စင်ရရှိသူသည် -

(ဂ) သူနာပြုသားဖွား မှတ်ပုံတင်ပြီးနောက်ဖြစ်စေ၊ သူနာပြုသားဖွား ရရှိပြီးနောက်ဖြစ်စေ၊ ပြည်တွင်းမှ သော်လည်းကောင်း၊ ပြည်ပမှ သော်လည်းကောင်း၊ သူနာပြုသားဖွားနှင့် စပ်လျဉ်း၍ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ် စသည်တို့ကို ထပ်ဆင့်ရရှိသည့်အခါ ကောင်စီသို့ မှတ်တမ်းတင်ပေးရန် တင်ပြရမည်။

**ဥက္ကဋ္ဌ**။ ။ ဒီမှာစာကျနေတယ်၊ ဥပဒေကြမ်းကော်မတီကကြည့်လိုက်နော်။ (ဂ) သူနာပြု သားဖွား မှတ်ပုံတင်ပြီးနောက် ဖြစ်စေ၊ သူနာပြု သားဖွား ရရှိပြီးနောက် ဖြစ်စေ၊ ဒီကြားထဲမှာ တစ်ခု ကျန်နေတယ်။ ဥပဒေကြမ်းကော်မတီကတွေ့လား။ လိုင်စင်၊ သူနာပြုသားဖွားလိုင်စင်ပေါ့၊ ဟုတ်ပြီနော်။ ဥပဒေကြမ်းကော်မတီတွေ့ကြလား။

(ဂ) သူနာပြုသားဖွား မှတ်ပုံတင်ပြီးနောက် ဖြစ်စေ၊ သူနာပြုသားဖွားလိုင်စင် ရရှိပြီးနောက် ဖြစ်စေ၊ ပြည်တွင်းမှ သော်လည်းကောင်း၊ ပြည်ပမှ သော်လည်းကောင်း၊ သူနာပြု သားဖွားနှင့်စပ်လျဉ်း၍ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ် စသည်တို့ကို ထပ်ဆင့် ရရှိသည့်အခါ ကောင်စီသို့ မှတ်တမ်းတင်ပေးရန် တင်ပြရမည်။

**ဥက္ကဋ္ဌ**။ ။ မှန်တယ်နော်။

(င) ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ဝတ်စုံနှင့် အဆောင်အယောင်များကို သုံးစွဲ ခွင့်ရှိသည်။

(စ) သူနာပြုသားဖွားလိုင်စင်ကို ဤဥပဒေအရ ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်ရပ် အရလည်းကောင်း၊ ထို ဆုံးဖြတ်ချက်ကို အယူခံပါက ကျန်းမာရေး ဝန်ကြီးဌာန၏ အယူခံဆုံးဖြတ်ချက်အရလည်းကောင်း ပယ်ဖျက်ခြင်းခံရလျှင် အဆိုပါ သူနာပြု သားဖွားလိုင်စင်ကို ဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း (၆၀) အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည်။

(ဆ) သူနာပြုသားဖွား လိုင်စင်နှင့်စပ်လျဉ်း၍ ကောင်စီက ပုဒ်မ ၂၈ အရ စီမံခန့်ခွဲရေး ဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်ရပ် ချမှတ်ပါက ထိုဆုံးဖြတ်ချက်ကို ဤဥပဒေ အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်နှင့် အညီ အယူခံခွင့် ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၆(ဂ)(င)(စ)(ဆ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၂၆(ဂ) (င)(စ)(ဆ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၇၊

အခန်း(၁၁)

ကန့်သတ်လိုင်စင်ရရှိသူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၂၇။ သူနာပြု ကန့်သတ်လိုင်စင်ရရှိသူသည် ဤဥပဒေအခန်း (၈) ပါ သူနာပြုလိုင်စင် ရရှိသူ၏ တာဝန်နှင့် ရပိုင်ခွင့်များကို လည်းကောင်း၊ သားဖွား ကန့်သတ် လိုင်စင်ရရှိသူသည် ဤဥပဒေ အခန်း (၉)ပါ သားဖွားလိုင်စင်ရရှိသူ၏ တာဝန်နှင့်ရပိုင်ခွင့်များကို လည်းကောင်း၊ သူနာပြု သားဖွား ကန့်သတ် လိုင်စင်ရရှိသူသည် ဤဥပဒေ အခန်း (၁၀)ပါ သူနာပြု သားဖွားလိုင်စင် ရရှိသူ၏ တာဝန်နှင့် ရပိုင်ခွင့် များကိုလည်းကောင်း လိုက်နာဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၁)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၂၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၁)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၂၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၈(က)(၄)(ခ)၊

အခန်း(၁၂)

စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်ခြင်း

၂၈။ ကောင်စီသည် -

(က) လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ် လိုင်စင်ရရှိသူက ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိပါက ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၄) မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင် သို့မဟုတ် ကန့်သတ် လိုင်စင် ပယ်ဖျက်ခြင်း။

(ခ) လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူက ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် ကောင်စီက သတ်မှတ်ထားသည့် အခြားပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူ၏ မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပယ်ဖျက်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၂)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၂၈(က)(၄)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၂)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၂၈(က)(၄)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၃)၊ အပိုဒ် ၂၉(က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၃၀၊

၂၉။ ကောင်စီက ချမှတ်သည့် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းချမှတ်သော ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ကျန်းမာရေးဝန်ကြီးဌာနသို့ အယူခံနိုင်သည် -

(က) ပြည်တွင်းပြည်ပရှိ သူနာပြုသားဖွား အတတ်ပညာသင်ကျောင်း တစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို စိစစ်၍ အရည်အချင်း စစ်ဆေးပြီး အသိအမှတ်ပြုရန် ငြင်းပယ်သည့် ဆုံးဖြတ်ချက်၊

(ခ) မှတ်ပုံတင်ရန် ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့် ဆုံးဖြတ်ချက်၊

(ဂ) လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန် သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့် ဆုံးဖြတ်ချက်၊

(ဃ) မှတ်ပုံတင်ရန်ဖြစ်စေ၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန် ဖြစ်စေ ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့် ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန်ဖြစ်စေ၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန် ဖြစ်စေ ပြန်လည်လျှောက်ထားချက်ကို ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့် ဆုံးဖြတ်ချက်၊

(င) ပုဒ်မ ၂၈ အရ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ရသူအား ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်။

၃၀။ ပုဒ်မ ၂၉ အရ အယူခံမှုတွင် ကျန်းမာရေးဝန်ကြီးဌာနသည် ကောင်စီက ချမှတ်သည့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၃)၊ အပိုဒ် ၂၉ (က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၃၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၃)၊ အပိုဒ် ၂၉ (က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၃၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၄)၊ အပိုဒ် ၃၁(က)(ခ)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄(က)(ခ)၊

၃၁။ ပုဂ္ဂလိက သူနာပြုသားဖွား အတတ်ပညာသင်ကျောင်း တစ်မျိုးမျိုးကို တည်ထောင်ဖွင့်လှစ် သင်ကြားလိုသူသည် -

(က) လုပ်ငန်းလိုင်စင်ရရှိရန် ကောင်စီမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) သူနာပြုအတတ်ပညာနှင့် သားဖွားအတတ်ပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲ၍ အသိအမှတ်ပြု လက်မှတ် ထုတ်ပေးနိုင်ရန် သတ်မှတ်ထားသော ဝန်ဆောင်ခပေးသွင်းပြီး ကောင်စီသို့ တင်ပြရမည်။

၃၂။ ကောင်စီသည် ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ခ) ပါ တင်ပြချက်အရ ပုဂ္ဂလိက သူနာပြုသားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် လုပ်ငန်းလိုင်စင် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး ခွင့်ပြုရန် သင့် မသင့် သဘောထားမှတ်ချက်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် လျှောက်ထားသူထံသို့ ပြန်ကြားရမည်။ ခွင့်ပြုသင့်ပါက အသိအမှတ် ပြုခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။

၃၃။ ကျန်းမာရေး ဝန်ကြီးဌာနသည် ပုဒ်မ ၃၂ အရ ကောင်စီက အသိအမှတ်ပြု လက်မှတ် ထုတ်ပေးပါက ပုဂ္ဂလိက သူနာပြု သားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်ပြု၍ လုပ်ငန်းလိုင်စင်ဆိုင်ရာ စည်းကမ်းချက်များနှင့် လိုင်စင် သက်တမ်း သတ်မှတ်ခြင်း၊ လုပ်ငန်းလိုင်စင် ကြေး ပေးသွင်းစေခြင်းပြုပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၃၄။ ပုဂ္ဂလိက သူနာပြု သားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် လုပ်ငန်း လိုင်စင် ရရှိသူသည် -

(က) လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) လေ့ကျင့်သင်ကြားရေးအတွက် လိုအပ်ချက်များ၊ သင်ကြားသည့် သင်ရိုးညွှန်းတမ်း များ၊ ကျောင်းဝင်ခွင့် အရည်အချင်းများ၊ သင်ကြားမှုစနစ်များ၊ သင်ကြားပို့ချသူများ၏ အရည်အချင်းများ၊ သင်ကြားရေး အထောက်အကူပြု ပစ္စည်းကိရိယာများနှင့် စာမေးပွဲစစ်ဆေးကျင်းပမှုများ စသည်တို့နှင့် စပ်လျဉ်း၍ ကောင်စီ၏ တာဝန်ပေးချက် အရ သူနာပြု သားဖွားပညာရေးနှင့် လုပ်ငန်းအရည်အသွေး အာမခံမှု အကဲဖြတ်

ရေးလုပ်ငန်းကော်မတီ၏ အခါအားလျော်စွာ စစ်ဆေးမှုကိုခံယူပြီး လိုအပ်သော အကူအညီများပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၄)၊အပိုဒ် ၃၁(က)(ခ)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊အပိုဒ် ၃၄(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၃၁(က)(ခ)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈(ခ)၊

အခန်း(၁၅)

တားမြစ်ချက်များ

၃၅။ မည်သူမျှ ဤ ဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပေးသော လုပ်ငန်းလိုင်စင်နှင့် ကောင်စီက ထုတ်ပေးသော အသိအမှတ်ပြု လက်မှတ်မရှိဘဲ ပုဂ္ဂလိက သူနာပြုသားဖွား အတတ်ပညာ သင်ကျောင်းတစ်မျိုးမျိုးကို တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၃၇။ မည်သူမျှ လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူ မဟုတ်ဘဲ ကောင်စီက ကျွမ်းကျင်မှုနှင့် အဆင့်အလိုက်သတ်မှတ်ထားသော သို့မဟုတ် အတည်ပြုထားသောသူနာပြု၊ သားဖွား သို့မဟုတ် သူနာပြုသားဖွား၏ ဝတ်စုံနှင့် အဆောင်အယောင်များကို မရိုးမဖြောင့်သော သဘောဖြင့် ဝတ်ဆင်ခြင်း၊ သုံးစွဲခြင်း သို့မဟုတ် တပ်ဆင်ခြင်းမပြုရ။

၃၈။ မည်သည့် လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူမျှ-

(ခ) လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပယ်ဖျက်သည့် ဆုံးဖြတ်ချက် ချမှတ်ခြင်း ခံရပါက ဤဥပဒေနှင့်အညီ ကောင်စီသို့ အဆိုပါဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း(၆၀)အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်း မရှိစေရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၅)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၅)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀(က)(ခ)၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂

အခန်း(၁၆)

ပြစ်ဒဏ်များ

၃၉။ မည်သူမဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း(၅၀) မှ အများဆုံး ကျပ်သိန်း(၁၀၀) အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ မည်သူမဆို -

(က) ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံးကျပ် တစ်ဆယ်သိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၃၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရပြီး သူနာပြု သို့မဟုတ် သားဖွားအလုပ်ကို ပြုလုပ်ရာ၌ သူတစ်ဦးဦး သေဆုံးစေခြင်း သို့မဟုတ် ပြင်းထန်သော ဒဏ်ရာရရှိစေခြင်း ဖြစ်ပါက ထိုသူကို အနည်းဆုံး သုံးနှစ် မှ အများဆုံး ခုနှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ် လည်း ချမှတ်နိုင်သည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးလ မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၄၂။ မည်သည့် လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးလမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ငါးသောင်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၆)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀(က)(ခ)၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၆)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀(က)(ခ)၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် -

အခန်း(၁၈)၊ အပိုဒ် ၅၂

ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှစ၍ တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့ရက်တွင် စတင်အာဏာ တည်စေရမည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၂ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၁(ခ)၊ အပိုဒ် ၂(ခ)၊

အခန်း(၃)၊ အပိုဒ် ၅(က)(၅)(၈)(၉)၊ အပိုဒ် ၁၁(စ)၊

အခန်း(၄)၊ အပိုဒ် ၁၃(က)(င)(စ)(ဆ)(၁)(၂)(ဇ)(ဈ)(ည)(ဍ)(ဎ)(ပ) (ဗ)၊

အခန်း(၆)၊ အပိုဒ် ၁၉၊

အခန်း(၈)၊ အပိုဒ် ၂၉(ဂ)(စ)(ဇ)(ဠ)၊

အခန်း(၉)၊ အပိုဒ် ၃၀(ဂ)(ဆ)(ဈ)(ဌ)၊

အခန်း(၁၀)၊ အပိုဒ် ၃၁(ဂ)(စ)(ဇ)(ဠ)၊

အခန်း(၁၃)၊ အပိုဒ် ၃၆၊

အခန်း(၁၅)၊ အပိုဒ် ၄၅၊ အပိုဒ် ၅၀ တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏အတည်ပြုချက် -

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ်၁(က)၊ အပိုဒ်၂(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဈ)(ည)(ဋ)(ဌ)(ဍ)(၂)(ပ)(ဏ)(တ)(ထ)(ဒ)၊

အခန်း(၂)၊ အပိုဒ် ၃(က)(ခ)(ဂ)(ဃ)(င)(ဆ)၊

အခန်း(၃)၊ အပိုဒ် ၅(က)(၁)(၂)(၃)၊ အပိုဒ် ၅(ခ)(ဂ)၊ အပိုဒ် ၇(ခ)(ဂ)၊ အပိုဒ် ၉(က)(ခ)၊ အပိုဒ် ၁၀(ဂ)၊ အပိုဒ် ၁၁(က)(ခ)(ဃ)(င)၊ အပိုဒ် ၁၂၊

အခန်း(၅)၊ အပိုဒ် ၁၄(က)(၁)(၂)(၄)(၅)၊ အပိုဒ် ၁၄(ခ)(၃)(၄)(၅) တို့နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၃)၊ အပိုဒ် ၅(က)(၅)(၆)၊

အခန်း(၄)၊ အပိုဒ် ၁၃(က)(ဃ)(င)(ဆ)(ဇ)(ဈ)(ဌ)(ဍ)၊

အခန်း(၇)၊ အပိုဒ် ၂၃(က)(ခ)(ဂ)၊

အခန်း(၈)၊ အပိုဒ် ၂၄(က)(ခ)(ဃ)၊

အခန်း(၉)၊ အပိုဒ် ၂၅(က)(ခ)(ဃ)(င)၊

အခန်း(၁၀)၊ အပိုဒ် ၂၆(က)(ခ)(ဃ)၊

အခန်း(၁၂)၊ အပိုဒ် ၂၈(က)(၁)(၂)(၃)၊

အခန်း(၁၄)၊ အပိုဒ် ၃၄(ဂ)(ဃ)၊

အခန်း(၁၅)၊ အပိုဒ် ၃၆၊ အပိုဒ် ၃၈(က)၊

အခန်း(၁၇)၊ အပိုဒ် ၄၃(က)(၁)(၂)(ခ)(ဂ)(ဃ)၊ အပိုဒ် ၄၄၊

အခန်း(၁၈)၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁၊ အပိုဒ် ၅၃၊ အပိုဒ် ၅၄ တို့ကို မူလအဆိုပြုချက်အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၅၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၅၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၂း၂၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေ ခွဲ(ခ)အရ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၈။**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သူနာပြုနှင့် သားဖွားဆိုင်ရာဥပဒေကို ပြင်ဆင်သည့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် အမျိုးသား လွှတ်တော်သို့ အဆိုပြုတင်သွင်းခဲ့ပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ အစည်းအဝေးများတွင် ကျန်းမာရေးဝန်ကြီးဌာနမှ အကြိမ်ကြိမ် တက်ရောက်ဆွေးနွေးခဲ့ပြီး ညှိနှိုင်း သဘောတူညီမှုများလည်း ပြုလုပ်ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ကျန်းမာရေးဝန်ကြီး

ဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး က ဥက္ကဋ္ဌကြီး မှတစ်ဆင့် အဆိုတင်သွင်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၂၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၂၉။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး တင်သွင်းတဲ့ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်း ကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ကျွန်တော် ဒေါက်တာ ခင်မောင်လေး က ထောက်ခံအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွား ကောင်စီ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၂း၂၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၁)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ

၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၂း၃၁ နာရီအချိန်တွင် ရပ်နားပါသည်။]